# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၅)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၅-၃-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနား တက်ရောက်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာဆိုဗိမာန် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ အနုပညာနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်မောင်အုန်း၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က စာဆိုဗိမာန် RC သုံးထပ် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ သို့ ○

## ၂၀၂၆ ခုနှစ် အာရှဖလား ယူ - ၁၇ အမျိုးသားဘောလုံး အသင်းနှင့် အိန္ဒိယအမျိုးသား ဘောလုံးအသင်းတို့ ခြေစမ်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၄

၂၀၂၆ ခုနှစ် အာရှဖလား ခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာယူ -၁၇ အမျိုးသား ဘောလုံးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသားဘောလုံးအသင်းတို့၏ အကြိုခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို မတ် ၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


**ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ**

စာမျက်နှာ ၂

**စပိန်ဘုရင်ဖလား ဗိုလ်လုပွဲအဆင့်သို့ အက်သလက်တီကိုမက်ဒရစ်အသင်း တက်ရောက်**

စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ်၊ မတ် ၅ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖန်တီးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

သမဝါယမစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်တစ်ခုအနေဖြင့် သမဝါယမအသင်းတစ်ခုဖြစ်သည့် မန်းမြို့ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းအနေဖြင့် မိဘမေတ္တာ မုန့်စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာ တည်မှီနေတာဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်မှုအပေါ်မှာ မူတည်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကျေးလက်ဒေသ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့် အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုများ လျော့နည်းရေးတို့ကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ မုန့်စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် အထုပ်အကြီးအရေအတွက် တစ်သိန်းခန့်နှင့် အထုပ်အသေးအရေအတွက် နှစ်သိန်းခန့်ရှိသော မုန့်ထုပ်များကို ထုတ်လုပ်နိုင်မှာဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ထုပ်ပိုးမှု(Packaging)ပုံစံများကိုလည်း ခေတ်မီလှပသပ်ရပ်သောပုံစံများဖြင့် သုံးစွဲသူ စိတ်ဝင်စားမှုနှင့် စွဲဆောင်မှုရှိအောင် ဖန်တီးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မတ် ၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးရာတွင် ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းဇယားများမှန်ကန်မှုရှိစေရေးနှင့် စက်ရုံ၏ ဝင်ငွေထွက်ငွေ၊ အရှုံးအမြတ်များ သိရှိနိုင်ရေးအတွက် စာရင်းကိုင်ပညာသည် အရေးကြီးလိုအပ်လျက်ရှိပြီး သမဝါယမအသင်းများအနေဖြင့် မုန့်စက်ရုံ တိုးတက်အောင်မြင်လာစေရေးနှင့် ဈေးကွက်ရရှိစေရေး ဝိုင်းဝန်းပေါင်းစပ်ပေးကြရန် လိုအပ်မည်ဖြစ်သည်။

ယခုမုန့်စက်ရုံ တည်ထောင်ဆောက်လုပ်နိုင်ခြင်းကြောင့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းဆင်းများအပါအဝင် ဒေသရှိ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသားလူငယ်များ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အကြောင်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ယနေ့မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲ၌ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝပတ်ဝန်းကျင် မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းသွားရေးနှင့် မုန်တိုင်း အန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များအကြောင်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက သစ်ပင်သစ်တောများနှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်နေမှုများအကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိရေး အလေးထားဆောင်ရွက်ရေး အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ (၄၈၅)

## နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ကြက်မောက်တောင်ရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ပို့လွှတ်ပေး

**ကျောက်ပန်းတောင်း မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ရေသောက်စနစ်၌ နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးရန်အတွက်၊ ကြက်မောက်တောင်ရေလှောင်တမံမှ မတ် ၃ ရက်မှစတင်၍ စိုက်ပျိုးရေများ စတင်ပို့လွှတ်ပေးလျက်ရှိသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်မောက်တောင်ဆည်ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးမြေများတွင် နွေစပါး ၂၄၁၅ ဧက နှင့် နွေသီးနှံဖြစ်သည့် နှမ်း ၄၂၀၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရပြီး၊ အဆိုပါ နွေစပါးနှင့် နွေသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်စေရန်အတွက် စိုက်ပျိုးရေများ စတင်ပို့လွှတ်ပေးနေခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်းကပြောသည်။ ကြက်မောက်တောင် ဆည်ရေသောက်စနစ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးနှင့် နွေသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးနှင့် စိုက်ပျိုးမြေတိုးချဲ့ စိုက်ပျိုးနိုင်စေရန် သက်ဆိုင်ရာဌာနများက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများနှင့် စွမ်းအင်ပြည့်မြေဆီမြေသြဇာ စနစ်တကျ သုံးစွဲရေးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၆)

ဝ-ဝ-ဝ-ဝ-ဝ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရှေ့၊ ၇၃ လမ်း၊ လမ်း ၄၀ နှင့် ၄၁လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၆၄ လမ်းနှင့် ၁၁၁ လမ်းထောင့်၊ ဓမ္မာရုံရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားတွင်လည်းကောင်း၊ မတ် ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင်လည်းကောင်း ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၀ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်ကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အား အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ကောင်စီဝင်တစ်ဦးအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။"

၃။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အား ပုဒ်မခွဲ(ဃ)အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၁ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

" (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို အနည်းဆုံးငါးဦးမှ အများဆုံး တစ်ဆယ်ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သောဝန်ကြီးဦးရေအတွင်း တိုးခြင်းနှင့် လျှော့ခြင်းများပြုနိုင်သည်။ ဝန်ကြီးများ သတ်မှတ်တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက်နှင့် မန္တလေးတိုင်းဒေသကြီးအတွက်ဝန်ကြီး တစ်ဦးစီကို မြို့တော်ဝန်အဖြစ် တာဝန်ပေးအပ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့တော်တွင် မြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် မတ် ၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

○ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စာဆိုဗိမာန်အဆောက်အအုံ ကမ္ပည်းမော်ကွန်း ကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုအထိမ်းအမှတ် ကံ့ကော်ပင်ကိုစိုက်ပျိုးပေးကြကာ စာဆိုဗိမာန် အဆောက်အအုံ ကမ္ပည်းမော်ကွန်း ကြေးပြားအား နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အဆောက်အအုံအတွင်းပြသထားသည့် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုသုခုမ လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စာဆိုဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ Theatre ခန်းမ၌ စာဆိုဗိမာန် တည်ဆောက်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားရာတွင် ယနေ့တွင် စာပေနှင့် အနုပညာရှင်များအတွက် စာဆိုဗိမာန်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝစေပါကြောင်း၊ မိမိတို့နိုင်ငံသည် သရေခေတ္တရာ၊ ပျူယဉ်ကျေးမှုမှစ၍ ခေတ်အဆက်ဆက်တိုင်



နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စာဆိုဗိမာန်အဆောက်အအုံကမ္ပည်းမော်ကွန်းကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

စာပေနှင့် ယဉ်ကျေးမှုထွန်းကားပြန့်ပွားရာ ဘူမိနက်သန်တစ်ခု ဖြစ်ခဲ့ကြောင်း၊ စာပေသည် နိုင်ငံ့ယဉ်ကျေးမှု၏ မျက်နှာစာဖြစ်ပြီး စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူနိုင်ငံသားများ၏ နှလုံးရည်နှင့် ဉာဏ်ရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူငယ်၊ လူရွယ်များအသိဉာဏ်ပြည့်ဝစေရန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်စေရန် စာပေနှင့် ထိန်းကျောင်းလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာအမွေအနှစ်များနှင့် အတွေးအမြင်များကို ရေးသားမှတ်တမ်းပြုကြသည့် ရဟန်းစာဆို၊ လူပညာရှိတို့၏ ကျေးဇူးတရားကိုလည်း ချန်လှပ်ထား၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန် အဆောက်အအုံတွင် ၎င်းတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထား အသိအမှတ်ပြုသည့် အနေဖြင့်သာမက မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်း မျှဝေနိုင်စေရန် စာပေနှင့်အနုပညာများ စုစည်းထားရှိရာ နေရာတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည့်အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် မြန်မာမှုနယ်ပယ်မှ အနုပညာရှင်များအတွက်ပါ ဂုဏ်ပြုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖွင့်လှစ်နိုင်ရန် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် တက်ရောက်ခဲ့၍ ရတနာပန္နက်တော် စိုက်ထူပေးခဲ့ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် မိတ်ဆွေအိန္ဒိယနိုင်ငံ အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုသည့်အနေဖြင့် စာပေဆုအမျိုးအစားများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းခေတ်ကာလနှင့်လျော်ညီစွာ ထိုက်ထိုက်တန်တန် တိုးမြှင့်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန်ကြီးတွင် ခေတ်အဆက်ဆက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အထောက်အထားများ၊ နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် စာပေဆုအမျိုးအစားများနှင့် ဆုတံဆိပ်များ၊ ဆုရစာအုပ်များ၊ စာပေပညာရှင်ကြီးများ၏ မှတ်တမ်းများ၊ အနုပညာနယ်ပယ်များအလိုက် ပြခန်း၊ ပြကွက်များ၊ စာပေဟောပြောပွဲများနှင့် နီးနှောဖလှယ်ပွဲများ ကျင်းပနိုင်မည့် (Mini Theatre) ခန်းမငယ်တို့ထည့်သွင်းထားသည့်အတွက် စာပေအနုပညာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာမှုအနုသုခုမလက်ရာများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် ရဟန်းကဝိ၊ လူပညာရှိနှင့် အနုပညာရှင်များအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အနုသုခုမလက်ရာများဖြင့် ဆက်လက်အကျိုးပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဂုဏ်ပြုအမှာစကား Video Clip ကိုပြသပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဆောက်အအုံ တည်ဆောက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ရခြင်းအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဆောက်အအုံဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ကို နေရာအရောက်ပေးအပ်သည်။

ထို့နောက် အဆောက်အအုံဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံ သံအမတ်ကြီးအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက လည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က စာဆိုဗိမာန်အဆောက်အအုံ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အိန္ဒိယနိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့တို့၏ ဂုဏ်ပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကာ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး၏ အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

မန္တလေး မတ် ၄

မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

## တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်က ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ရွှေကြာသကင်္န်းတော်နှင့် သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် နှင့် ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုသံဃာတော်များထံ ဆက်ကပ်သည်။

## နာယူကြည်ညို

ယင်းနောက်သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်ဇနီးတို့သည် သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး သီတဂူဆရာတော်ကြီးထံ ရတနာစိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်စဉ်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် အမှုဆောင်ချုပ်နှင့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီးထံမှ သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာနာယူပြီး မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ ခေတ္တအပူဇော်ခံမဏ္ဍပ်နေရာသို့ ပို့ဆောင်ကြသည်။

## သိဒ္ဓိမင်္ဂလာဆင်ယင်

ဆက်လက်၍ အမှုဆောင်ချုပ်နှင့်ဇနီး၊ ဦးဆောင်သော အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ထို့နောက် ဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြပြီး အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

## ဗုဒ္ဓါဘိသေက အနေကဇာတင်

ဆက်လက်၍ သီတဂူဆရာတော်ကြီးက ဦးဆောင်၍ ပင့်သံဃာ၁ဝ၈ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

အခမ်းအနားအပြီးတွင် အမှုဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၅၈၊ ၁ဖာလုံနှင့် ၃ ဖာလုံကြားရှိ အရှည်ပေ ၁၀၀၀ သံကူကွန်ကရစ်တံတား ဒုဋ္ဌဝတီတံတားသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေးလမ်းသွား တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ Bored Pile ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် အမှုဆောင်ချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးစေရေး၊ တည်ဆောက်ရေးကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၅၈၊ ၁ ဖာလုံနှင့် ၃ ဖာလုံကြားရှိ အရှည်ပေ ၁၀၀၀ သံကူကွန်ကရစ်တံတား ဒုဋ္ဌဝတီတံတားသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

**အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကျောက်တောင်ရပ် မန္တလေး-လားရှိုးကားလမ်းမကြီးဘေး ရပ်ကွက်ကြီး(၅)ရှိ ပြင်ဦးလွင်မြို့နယ်သမဝါယမအသင်းစုပိုင် ခြံဝင်းတွင် "မဂဒူ" ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစုတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော "အမ်"ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အတွက် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန်အတွက် ဟိုတယ်အဆင့်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိဟိုတယ်အခန်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ဧည့်သည်များ ပိုမိုတည်းခိုနိုင်မည်ဖြစ်ပြီး သမဝါယမအသင်းအတွက်လည်း ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသရှိ လူငယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းနှင့် အသစ်တိုးချဲ့ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန လေးခုမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာတွင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသခံတောင်သူများအနေဖြင့် စိတ်တူကိုယ်တူဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းကာ စီးပွားဖြစ် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သည့် တောင်သူများကို လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများကို စိုက်ပျိုးချိန်မီ ရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ချိတ်ဆက်ဆောင်ရွက်ပေးမည်**

ဆက်လက်၍ အဆိုပါ ကြီးကိုင်ကျေးရွာ၌ သံဂဟေဆက်နည်းသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသည့် အောင်အောင်သံပန်းသံတံခါးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အရင်းအနှီးများလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာ (၄)ရပ်ကွက်ရှိ အိမ်ခြေ ၅၈၅ အိမ်၊ လူဦးရေ ၂၅၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၂၅၀၀ တို့ကို အကျိုးပြုပေးနိုင်မည့် ညောင်နီ-ပိန္နဲကုန်း(တ)မှ အင်ကြီးကျေးရွာသို့ ဆက်သွယ်ပေးထားသည့် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲ ပူးပေါင်းရိုက်ကူးနေမှု ကြည့်ရှုအားပေး



ရန်ကုန် မတ် ၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နိုင်ငံခြားဘာသာ တက္ကသိုလ်၌ မြန်မာ-ကိုရီးယားချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ-ကိုရီးယား ပူးပေါင်း၍ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရေး ဆောင်ရွက်မှုကို သွားရောက်ကြည့်ရှု အားပေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းမအတွင်း၌ ဆရာနှင့် တပည့်ကျောင်းသားကျောင်းသူများ ဆွေးနွေးခန်း ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး အဆိုပါ အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြု သစ်သီးခြင်းပေးအပ်သည်။

အဆိုပါ "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass) လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲကို နာမည်ကျော် ကိုရီးယားဒါရိုက်တာ ရှင်ကီဝန်း ဦးဆောင်၍ ကိုရီးယားသရုပ်ဆောင် ၁၃ ဦး၊ မြန်မာသရုပ်ဆောင် ကိုးဦးတို့ဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လကုန်ခန့်အထိ ရိုက်ကူးရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး ကိုရီးယားနိုင်ငံသို့လည်း ဆက်လက်သွားရောက်ရိုက်ကူးကာ MRTV Channel များနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နေသည့် ဝဇီရာကဇာတ်ရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူတို့က အဆင့်မြှင့်တင် ဆောင်ရွက်နေသော ဝဇီရာကဇာတ်ရုံ၏ လုပ်ငန်းပိုင်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ပိုင်းဆိုင်ရာနှင့် ရေသွယ်တန်းမှု အဆင်ပြေပြီဖြစ်၍ ကျန်သောအပိုင်းအားလုံး အမြန်ပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေ လိုကြောင်း၊ ကဇာတ်ရုံအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်မှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ခေတ်မီလှပမှုနှင့် ကဇာတ်ရုံ၏ အနှစ်သာရတို့ကို ပုံရိပ်လှပစွာ ပြသသွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာပြပွဲများ၊ တိုင်းရင်းသားရိုးရာပွဲများနှင့် ပန်းချီပြပွဲတို့ကို ပြသရာ၌ အဆင့်မီမီ ပြသသွားနိုင်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝဇီရာကဇာတ်ရုံ ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

# အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(မန္တလေး)တွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ် ၄၄ ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံသည့် အခမ်းအနားကျင်းပ

မန္တလေး မတ် ၄



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂-၃-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ် ၅/၆/၇/၈/၉/၂၀၂၆အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပေါင်းလပြည့်နေ့ အခါသမယနှင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (မန္တလေး)တွင် ကလေး သူငယ် ၄၄ ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခြင်း အခမ်းအနားကို မတ် ၄ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်အောင်နှင့် ဝန်ထမ်းများ၊ လွတ်ငြိမ်းသက်သာခွင့်ရ ကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားနှင့်ဆုံးမစကားပြောကြားပြီးနောက် မိဘအုပ်ထိန်းသူတစ်ဦးနှင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ်တစ်ဦးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည့် ကလေးသူငယ် (၄၄)ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)ပါ စည်းကမ်းချက်ဖြင့် ခံဝန်ချုပ်ဆို၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် မတ် ၄

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်ပေး**

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များကို အဓိကစွမ်းအားစုအဖြစ်ပါဝင်လာစေပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များအဖြစ် ပေါ်ထွက်လာစေရေး လူငယ်ကဏ္ဍကို ဘက်စုံ၊ ကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်ရေးရာဦးစီးဌာနရုံးများကို အစီအစဉ်အလိုက် ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် နေပြည်တော်ကောင်စီ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လူငယ်ရေးရာဦးစီးဌာနရုံးများ စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများ ခန့်ထားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးအနေဖြင့် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာနရုံးများ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် အထူးမေတ္တာရပ်ခံ ပြောကြားလိုကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကား ပြောကြားပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် လူငယ်စင်တာများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကရင်ပြည်နယ်ခရီးစဉ်တွင် လူငယ်စင်တာများကို အကျိုးရှိစွာ အသုံးချရန်လိုအပ်ပြီး ပြည်နယ်အတွက် အကျိုးရှိစေမည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာများကို သင်ကြားပေးခြင်းနှင့် လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများအပြင် နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်နှင့် စည်းကမ်းတကျနေထိုင်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က မိမိတို့ပညာရေးဝန်ကြီးဌာနသည် ကျောင်းတက်ဆဲနှင့် ကျောင်းပြင်ပတွင်ရှိသည့် လူငယ်များနှင့် အများဆုံးဆက်ဆံပတ်သက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး အခြေခံပညာကျောင်းများ၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်ကျောင်းများစွာရှိသည့်အတွက် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ Trafficking၊ Online game၊ E cigarettes၊ Vape ကိစ္စများနှင့် ပတ်သက်ပြီး လူငယ်အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောပွဲများ၊ လှုပ်ရှားမှုများကို ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်စင်တာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်နှင့် သင်ခန်းစာပေးသည့် Movie နှင့် Short Video များ ပြသပေးခြင်း၊ အသိပညာဗဟုသုတများစွာ ရရှိစေရေးအတွက် Study Tour များသွားရောက်စေခြင်း၊ ပြည်တွင်း/ပြည်ပလေ့လာရေးခရီးစဉ်များ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် လေ့လာလိုက်ပါခွင့်များနှင့် အရည်အချင်းရှိသူများကို စနစ်တကျ ရွေးချယ်၍ ဒေသတွင်းအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင် ရွေးချယ်ပေးခြင်းများကို ဆောင်ရွက်ပေးသွားပါက ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းရတနာများ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၏ မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီများအလိုက် အစည်းအဝေးများ၊ အားကစားပြိုင်ပွဲများ၊ ကင်းထောက်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲအခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ၊ နွေရာသီအားကစားသင်တန်းများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်ဖိုရမ်အခမ်းအနားများ၊ ဖိုရမ်ထပ်ဆင့်ဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ပေးခဲ့မှုများနှင့် လူငယ်စင်တာများ ဖွင့်လှစ်နိုင်ရေး၊ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များ မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်စေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနား ကျင်းပ

မန္တလေး မတ် ၄

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၂၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တက်လမ်းအနောက်ဘက်၊ အဘယာရာမမိုးထိတိုက် ဝေယံဘုံကျော်ကျောင်း၊ သန္တပူရဏာဓမ္မဗိမာန်တော်တွင် ကျင်းပပြုလုပ်သည်။

(၂၉)ကြိမ်မြောက် တပေါင်းလပြည့် မြန်မာ့သမားတော်နေ့ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများကို ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ခန့် ငြိမ်သက်စွာ ဂုဏ်ပြုကြသည်။

ထို့နောက် တက်ရောက်လာသူအပေါင်းက နဝရတ်ကတိသစ္စာကို ရွတ်ဆိုကြပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးအသင်းခွဲဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားကာ တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးအသင်းခွဲမှ အလုပ်အမှုဆောင် ဦးကျော်ကျော်ဦးက ဖတ်ကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချီးမြှင့်အပ်သော သိပ္ပကျော်စွာဘွဲ့ရရှိသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အကြံပေးအဖွဲ့ဝင် ဆရာကြီး ဦးမြင့်လွင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအား တိုင်းရင်းဆေး တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက ဖတ်ကြားခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချီးမြှင့်အပ်သော အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုအဖွဲ့ဝင် မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းပိုင်ရှင်ဒေါက်တာဌေးဌေးခိုင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအား မန္တလေးတိုင်းဒေသကြီးအသင်းခွဲမှ ဘဏ္ဍာရေးမှူး ဆရာ ဦးသိုက်ထွန်းက ဖတ်ကြားတင်ပြခြင်းကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မန္တလေးတိုင်းဒေသကြီးရုံးခွဲ ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်က သိပ္ပကျော်စွာဘွဲ့ရဆရာကြီး ဦးမြင့်လွင် အဂ္ဂမဟာသိရိ သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါက်တာဌေးဌေးခိုင်တို့အား ဂါရဝပြုမှတ်တမ်း လွှာများပေးအပ်ခြင်း၊ ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒု-ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး အသင်းခွဲမှ အလုပ်အမှုဆောင် ဦးသင်းနှင့် ဆရာ၊ ဆရာမများ၊ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ တိုင်းရင်းဆေးနှင့် နှီးနွယ်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်မင်းသော်



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူလူထုများ ပူပြင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် မတ် ၄ ရက် ညနေ ၃နာရီက လက်ထောက်ဦးစီးမှူး ဦးဇော်လွင်မိုးနှင့်တပ်ဖွဲ့ဝင်များက မီးဆော်ဩခြင်းများ ဆောင်ရွက်ခဲ့စဉ်။ (ကဆ)**



# စက်သုံးဆီနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြည်သူသို့ အသိပေးပြောကြားချက်

နေပြည်တော် မတ် ၄

ဒီနေ့မှာတော့ မီဒီယာများ မေးမြန်းနေကြတဲ့ စက်သုံးဆီကိစ္စနဲ့ ပတ်သက်ပြီး ပြောကြားပါမယ်။ မနေ့ကတော့ ကျွန်တော်တို့အနေနဲ့ စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် ပြည်သူသို့ အသိပေး ပန်ကြားချက်ဆိုပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို အဓိကထုတ်ပြန်ရတဲ့ အကြောင်းအရင်းကတော့ နံပါတ်တစ် ကျွန်တော်တို့နိုင်ငံမှာ အရန်စက်သုံးဆီ မရှိလို့ မဟုတ်ပါဘူး။ ထပ်ပြောပါမယ်၊ အရန် စက်သုံးဆီ မရှိလို့ ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါဘူး။ ရေရှည်ဖြစ်လာနိုင်တဲ့ကိစ္စတွေကို တွက်ဆပြီးတော့ ကျွန်တော်တို့ ခြိုးခြံချွေတာရေးအတွက်သာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ စနစ်တကျ အသုံးပြုပြီးတော့ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ လောင်စာဆီ အခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျ ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့ရခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက တော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စက်သုံးဆီ သုံးစွဲမှု တစ်ရက်ကို ဓာတ်ဆီ ၁ ဒသမ ၅ သန်းဂါလန်ရှိ ပါတယ်။ ဒီဇယ်ဆီ ၁ ဒသမ ၇ သန်းဂါလန်ခန့်ရှိပါ တယ်။ စုစုပေါင်းရင်တော့ တစ်ရက်ကို ဆီဂါလန် ၃ ဒသမ၂ သန်းခန့် သုံးစွဲနေတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လက်ရှိမြန်မာနိုင်ငံမှာ ဓာတ်ဆီဂါလန် သန်း ၆၀ ရှိပြီး စုပုံထားပြီး ဖြစ်ပါတယ်။ ဒီဇယ်ဆီ ဂါလန် သန်း ၇၀ နီးပါး စုပုံထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မလို့ မြန်မာနိုင်ငံအတွင်းမှာ အရန်ဆီအနေ နဲ့ နောက်ထပ် ရက် ၄၀ စာ ရှိတယ်လို့ ခိုင်မာစွာ ပြောကြားလိုပါတယ်။ ဒ့ါအပြင် ဆိပ်ကမ်းမှာ ယခု လက်ရှိ ဆီမချရသေးဘဲနဲ့ ကပ်ထားတဲ့ သင်္ဘော နှစ်စင်း ရောက်ရှိနေတာ ရှိပါတယ်။ ကျွန်တော်တို့ ဝယ်ယူထားပြီးသား လမ်းမှာ စက်သုံးဆီသင်္ဘော ၁၄ စင်း ရှိပါတယ်။ အဲဒီ ၁၄ စင်းကလည်း ကျွန်တော် တို့ဆီကို ရက်ပိုင်းတွေအတွင်းမှာ ဆိုက်ကပ်လာ နိုင်ပါတယ်။ ဘာအခက်အခဲမှ မရှိဘူးဆိုတာ ပြောလို ပါတယ်။




နောက်တစ်ခုကတော့ ကျွန်တော်တို့ အိမ်နီး နားချင်းနိုင်ငံ ထိုင်းနိုင်ငံအနေနဲ့က သူတို့နိုင်ငံကနေ ပြီး ဆီတင်ပို့တာ ပိတ်သိမ်းလိုက်ပြီဆိုတာကို ကြေညာတာနဲ့ပတ်သက်ပြီးတော့ ကောလာဟလ သတင်းတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ကျွန်တော့် အနေနဲ့ ပြောချင်တာက ကျွန်တော်တို့သည် ဆီတင် သွင်းတာသည် အရှေ့တောင်အာရှနိုင်ငံတွေထဲက ဆိုရင် စင်ကာပူနဲ့ မလေးရှားကနေ ကျွန်တော်တို့ တင်သွင်းနေတာ ဖြစ်ပါတယ်။ စင်ကာပူတို့၊ မလေးရှားတို့မှာလည်း ဆီနဲ့ပတ်သက်လာရင် သူ့မှာ ရေနံချက်စက်ရုံတွေ သူက ရှိပြီးဖြစ်ပါတယ်။ သူတို့နိုင်ငံတွေအနေနဲ့လည်း သူတို့ရေနံချက်စက်ရုံ တွေကို ရပ်ပြီးတော့ နေမှာမဟုတ်ပါဘူး။ သူတို့အနေ နဲ့ အရှေ့အလယ်ပိုင်းက ရေနံမရလည်း ရတဲ့နိုင်ငံက နေ ရေနံသွင်းပြီးတော့ လည်ပတ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အနေနဲ့က ဒါသည် သူတို့ရဲ့ လှုပ်ရှားရမယ့် စီးပွားရေးလုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် လည်ပတ်မှု ရပ်တန့်စရာ မရှိပါဘူး။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ ပြောချင်တာက တော့ ဒီစက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံ မှာ ပြတ်လပ်သွားစရာ အကြောင်းမရှိပါဘူး။

သို့သော် ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့အခြေအနေ အရ စက်သုံးဆီများကတော့ ဈေးနှုန်းများက ကမ္ဘာ့ ဈေးနှုန်းနဲ့အညီတော့ ဖြစ်လာနိုင်စရာ အကြောင်း ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ဒီနေ့ စွမ်းအင် ဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ လိုက်လံပြီးတော့ ပညာပေးတာတွေ၊ လိုက်လံပြီး တော့ အသိပေးတာတွေ၊ ပြည်သူလူထုကိုလည်း မေတ္တာရပ်ခံ အသိပေးတာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးရင် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကလည်း မကြာခင်မှာ အများပြည်သူကို အသိပေး ကြေညာချက်တစ်ခု ကြေညာမှာဖြစ်ပါတယ်။ အဲဒီ မှာ ကျွန်တော်တို့ စက်သုံးဆီနဲ့ ပတ်သက်ပြီးရင် ပြည်သူလူထုမစိုးရိမ်ဖို့အကြောင်းတွေ ပါမှာဖြစ် တယ်၊ ဘယ်လိုထောက်ပံ့ရေးကွင်းဆက် စက်သုံးဆီ မပြတ်တောက်ဖို့ ဘယ်လိုလုပ်မလဲဆိုတာတွေ လည်း ပါမှာဖြစ်ပါတယ်။

ဒ့ါအပြင် ပြည်သူများအနေနဲ့ ယခုကျွန်တော်တို့ သိရှိရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ လှုံ့ဆော်မှု တွေ၊ စိုးရိမ်မှုတွေကြောင့် တန်းစီဝယ်ယူနေတာ ရှိပါတယ်။ ဆီပြတ်သွားစရာအကြောင်း မရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ စနစ်တကျလိုတဲ့သူက ဝယ် မယ်၊ စနစ်တကျ လုပ်ဆောင်သွားကြဖို့ပဲ ပြောလိုပါ တယ်။ ဆီနဲ့ပတ်သက်ပြီးတော့ ကျွန်တော် စက်သုံး ဆီဆိုင်တွေကိုလည်း ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဆီနဲ့ပတ်သက်ပြီး မရောင်းတဲ့ စက်သုံးဆီဆိုင်တွေရှိ ရင်လည်း စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဖုန်းနံပါတ် တွေနဲ့ ထုတ်ပြန်ပါမယ်။ တိုင်ကြားနိုင်ပါတယ်။ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အနှစ်ချုပ်အနေနဲ့ ပြောရရင် မြန်မာနိုင်ငံအနေ နဲ့ မြန်မာနိုင်ငံအတွင်းမှာ ရောက်ရှိနေတဲ့ စက်သုံး ဆီပုံမှန်သုံးစွဲရင်တောင်မှပဲ ရက် ၄၀ စာ အရန်ရှိပါ တယ်။ ဆိပ်ကမ်းမှာ မချရသေးတဲ့ သင်္ဘော နှစ်စင်း ရှိပါတယ်။ လမ်းမှာ စက်သုံးဆီများ ဝယ်ယူပြီးတော့ တင်ဆောင်ပြီးလာနေတဲ့ သင်္ဘော ၁၄ စင်း ရှိပါ တယ်။ စက်သုံးဆီ ပြတ်တောက်စရာအကြောင်း မရှိပါဘူးလို့ပဲ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

✣ စာမျက်နှာ ၂၄ မှ

စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါ သည်။ မြန်မာနိုင်ငံတွင် စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံး ဆီဖူလုံမှုရှိစေရေး အစီအမံဖြင့် ဆောင်ရွက်ထားရှိသည့်အတွက် ရက် ၄၀ ခန့်စာ တင်သွင်း သိုလှောင်ထားရှိပြီး စက်သုံးဆီ များကို သီလဝါမှ နိုင်ငံတစ်ဝန်း သို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက် ရှိပါ သည်။ ဆက်လက်၍ ကြိုတင်စီမံ ထားသည့် အစီအစဉ်အတိုင်း သီလဝါဆိပ်ကမ်းတွင် သင်္ဘော နှစ်စင်း၊ လမ်းခရီးတွင် သင်္ဘော ခြောက်စင်း၊ ဆီတင်ရန် စောင့် ဆိုင်းနေသည့် သင်္ဘော ရှစ်စင်း ဖြင့် ထပ်မံဖြည့်တင်းသွားမည် ဖြစ်ပါသည်။ ပြည်ပမှ စက်သုံးဆီ သင်္ဘောများ စဉ်ဆက်မပြတ် ရောက်ရှိစေရေး သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ညှိနှိုင်း ဆောင်ရွက်ထားရှိပြီး ဖြစ်သည့် အပြင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဖြေရှင်းဆောင် ရွက်နိုင်ရန်အတွက် နည်းလမ်း




သီလဝါရှိ Terminal များတွင် စက်သုံးဆီတင်သင်္ဘောများ ဝင်ရောက်လျက်ရှိမှုကို တွေ့ရစဉ်။

များ ရှာဖွေချိတ်ဆက် ဆောင် ရွက်ထားရှိပြီး ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီး ဌာနအနေ ဖြင့်လည်း ဖြစ်ပေါ်လာနိုင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေ အနေများကို အနီးကပ် စောင့် ကြည့်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေ ဖြင့် စက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ကြောင့်ကြမှု မဖြစ်ကြရန် နှင့် သက်ဆိုင်ရာဌာနမှ တရားဝင် ထုတ်ပြန် ပေးလျက်ရှိသည့် သတင်းများကိုသာ ယုံကြည်ကြ ရန် လိုအပ်ပါကြောင်း၊ တရား မဝင် ကောလာဟလသတင်းများ ကို မယုံကြည်ကြရန်နှင့် စိုးရိမ် စိတ်လွန်ကဲ၍ စက်သုံးဆီကို မလိုအပ်ဘဲ ဝယ်ယူသိုလှောင်ခြင်း များကို လုံးဝ (လုံးဝ) မပြုလုပ် ကြပါရန် စွမ်းအင်ဝန်ကြီးဌာနမှ မိဘပြည်သူများသို့ မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေးထုတ် ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

## စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေးကြေညာချက်အား ဖြည့်စွက်ထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၄

စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူသို့ အသိပေး ကြေညာချက်အား ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်တွင် ထုတ်ပြန်ကြေညာ ခဲ့ပါသည်။ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်နိုင်စေရန် အတွက် အဆိုပါ အသိပေးကြေညာချက်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသည့် နေ့စဉ်အသုံးပြုနိုင်သည့် မော်တော်ယာဉ် များတွင် အောက်ပါအကြောင်းကိစ္စများအတွက် အသုံးပြုသည့် မော်တော်ယာဉ်များအား ဖြည့်စွက်ထုတ်ပြန်အပ်ပါသည်-

(က) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ဝန်ထမ်းကြိုပို့ ယာဉ်များ၊

(ခ) ကုန်စည်ဖြန့်ဖြူးရေးတွင် အသုံးပြုသည့်ယာဉ်များ၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ရုံးလုပ်ငန်း အသုံးပြုသည့်ယာဉ်များ၊

(ဃ) ကျောင်းကြို/ပို့ယာဉ်များ။

နေ့စဉ်အသုံးပြုသည့် မော်တော်ယာဉ်များအနေဖြင့်လည်း သုံးစွဲ သည့်အခေါက်ရေ အနည်းဆုံးနှင့် သုံးစွဲသည့်ယာဉ်စီးရေ အနည်းဆုံး ဖြစ်အောင် ကန့်သတ်ခြိုးခြံဆောင်ရွက်ကြရန်နှင့် အထက်ပါ အကြောင်းကိစ္စများအတွက် သုံးစွဲသည်မှာ မှန်ကန်ကြောင်း ယာဉ်ပေါ် တွင် စီးနင်းလိုက်ပါသူများတွင် လည်းကောင်း၊ ယာဉ်များတွင်လည်း ကောင်း သက်ဆိုင်ရာ အလုပ်ဌာနများ၏ ခိုင်လုံသည့်အထောက် အထား သို့မဟုတ် ထောက်ခံချက်များ ပါရှိရမည်ဖြစ်ကြောင်း ဖြည့်စွက်အသိပေးကြေညာအပ်ပါ သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မက်ဘွတ်ခ် လက်ပ်တော့ပ် အမျိုးအစားသစ်များကို အမေရိကန်အခြေစိုက် အက်ပဲလ်ကုမ္ပဏီ မိတ်ဆက်ပြသ



ဝါရှင်တန် မတ် ၄

မှတ်ဉာဏ်ချစ်ပ်ပြားများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသော ကျဆင်းနေသည့် ကိုယ်ပိုင်ကွန်ပျူတာဈေးကွက်အတွင်း ဟာ့ဒ်ဝဲအသစ်များဖြင့် ဖောက်သည်များကို ဆွဲဆောင်နိုင်ရန်အတွက် အမေရိကန်အခြေစိုက်အက်ပဲလ်ကုမ္ပဏီသည် အခြေခံဈေးနှုန်း ၁၀၉၉ ဒေါ်လာတန် မက်ဘွတ်ခ်လက်ပ်တော့ပ် အမျိုးအစားသစ်များကို မတ် ၃ ရက်က မိတ်ဆက်ပြသကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မက်ဘွတ်ခ်အဲယားနှင့် မက်ဘွတ်ခ်ပရိုမော်ဒယ်များ ပါဝင်သော အဆိုပါမက်ဘွတ်ခ် ထုတ်ကုန်များသည် ကုမ္ပဏီ၏ ကိုယ်ပိုင်ကွန်ပျူတာ လုပ်ငန်းကဏ္ဍတွင် အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကုမ္ပဏီ၏ ကိုယ်ပိုင်ဆီလီကွန်ချစ်ပ်ပြားများ ထုတ်လုပ်ရေးအတွက်လည်း ဗဟိုချက်မဖြစ်ခဲ့သည်။

အက်ပဲလ်ကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ အင်တဲလ် ပရိုဆက်ဆာများမှ ၎င်းတို့၏ ကိုယ်ပိုင် အမ်-စီးရီး ချစ်ပ်ပြားများသို့ ပြောင်းလဲအသုံးပြုခဲ့ပြီးနောက် စွမ်းဆောင်ရည်နှင့် ဘက်ထရီသက်တမ်း တိုးတက်မှုများကို ကြော်ငြာကာ ဝင်းဒိုးအခြေခံ ကိုယ်ပိုင်ကွန်ပျူတာ ထုတ်လုပ်သူများနှင့် ကွဲပြားအောင်လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

Mon



# ပြည်တွင်းစိုက်ပျိုးမွေးမြူရေးခြံများ စွမ်းဆောင်ရည် တိုးမြှင့်နိုင်စေရန် ငါးနှစ်အတွင်း စင်ကာပူဒေါ်လာ သန်း ၇၀ ထည့်သွင်းအသုံးပြုသွားမည်

စင်ကာပူ မတ် ၄

ကမ္ဘာလုံးဆိုင်ရာ မရေရာမှုများ မြင့်တက်နေစဉ်အတွင်း စားနပ်ရိက္ခာ ဖူလုံကြံ့ခိုင်မှုအားကောင်းစေရန် ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်နေသဖြင့် စင်ကာပူနိုင်ငံသည် ပြည်တွင်းစိုက်ပျိုးမွေးမြူရေးခြံများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်စေရန် လာမည့်ငါးနှစ်အတွင်း စင်ကာပူဒေါ်လာ သန်း ၇၀ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်အတွက် ဝန်ကြီးဌာန၏ အသုံးစရိတ်အစီအစဉ်များကို တင်ပြစဉ်အတွင်း စိုက်ပျိုးရေး-စားသောက်ကုန်ဆိုင်ရာ အသွင်ကူးပြောင်းရေး ရန်ပုံငွေအောက်ရှိ ရန်ပုံငွေအသစ် ခွဲဝေချထားပေးမှုကို ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတော်ဝန်ကြီး ဇာကီမိုဟာမက်က မတ် ၄ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဧပြီလတွင် စတင်မိတ်ဆက်ခဲ့သည့် အဆိုပါရန်ပုံငွေသည် ပြည်တွင်းလယ်သမားများအနေဖြင့် စက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ပေးနိုင်သည့် နည်းပညာများကို အသုံးပြုခြင်းကဲ့သို့သော လုပ်ငန်းမြှင့်တင်မှုများတွင် အထောက်အကူဖြစ်စေသည်။

ယခုကဲ့သို့ သက်တမ်းတိုးလိုက်ခြင်းကြောင့် အဆိုပါ အစီအစဉ်ကို စိုက်ပျိုးရေး-စားသောက်ကုန်ဆိုင်ရာ အသွင်ကူးပြောင်းရေး ရန်ပုံငွေ အဆင့် ၂ ဟု အမည်ပြောင်းလဲ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

# အမေရိကန်-အစ္စရေးနှင့် အီရန် ပဋိပက္ခအခြေအနေများအရ အာရှစတော့ဈေးကွက်များ သုံးရက်ဆက်တိုက် ကျဆင်းခဲ့

ဆိုးလ် မတ် ၄

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် အမေရိကန်-အစ္စရေးနှင့် အီရန်တို့အကြား ပဋိပက္ခအခြေအနေများကို ရင်းနှီးမြှုပ်နှံသူများက စောင့်ကြည့်နေစဉ် မတ် ၄ ရက်တွင် အာရှစတော့ဈေးကွက်များ သုံးရက်ဆက်တိုက်ကျဆင်းခဲ့ပြီး ရေနံဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကိုစပီအညွှန်းကိန်းသည် အလန့်တကြား အစုရှယ်ယာရောင်းချမှုများကို တားဆီးရန် ရည်ရွယ်သည့်စနစ်ဖြင့် အရောင်းအဝယ်ကို ခေတ္တရပ်နားခဲ့ရပြီးနောက် ၁၀ ရာခိုင်နှုန်းကျော်အထိ ထိုးဆင်းသွားခဲ့သည်။ ဂျပန်နိုင်ငံ၏ နစ်ကေး ၂၂၅ အညွှန်းကိန်းသည် ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဟောင်ကောင်၏ ဟန်းဆင်းအညွှန်းကိန်းသည် ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

နှစ်ရက်အတွင်း ဘရန့် ရေနံစိမ်းဈေးနှုန်းများ အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့ပြီးနောက် အာရှနံနက်ခင်းအရောင်းအဝယ်တွင် ၁ ရာခိုင်နှုန်းခန့် ထပ်မံမြင့်တက်လာခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခသည် ဘဏ္ဍာရေးဈေးကွက်များကို တုန်လှုပ်စေခဲ့ပြီး အရေးပါသော ဟော်မုဇ်ရေလက်ကြားသဘောလမ်းကြောင်းအနီးရှိ ရေယာဉ်များ တိုက်ခိုက်ခံရပြီးနောက် ယခုအပတ်အတွင်း ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရသည်။

Mon




# သတ်မှတ်ထားသည့် ဒေသတွင်းအကြမ်းဖက်အဖွဲ့အစည်းများကို အီကွေဒေါနှင့် အမေရိကန်တပ်ဖွဲ့များ စစ်ဆင်ရေးလုပ်ဆောင်နေ

ကွီတို မတ် ၄

တောင်အမေရိကနိုင်ငံဖြစ်သော အီကွေဒေါနိုင်ငံအတွင်း သတ်မှတ်ထားသည့် အကြမ်းဖက်အဖွဲ့အစည်းများကို အီကွေဒေါနှင့် အမေရိကန်တပ်ဖွဲ့များက စစ်ဆင်ရေးများ စတင်လုပ်ဆောင်နေပြီဟု အမေရိကန်တောင်ပိုင်းစစ်ဌာနချုပ်က မတ် ၃ ရက်တွင် အတည်ပြုကြောင်း သိရသည်။

အဆိုပါ စစ်ဆင်ရေးသည် တရားမဝင်မူးယစ်ဆေးဝါးမှောင်ခိုကူးမှုကို နှိမ်နင်းရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တောင်ပိုင်းစစ်ဌာနချုပ်က ပြောကြားသော်လည်း အိတ်ခ်စ်လူမှုကွန်ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြထားခြင်းမရှိပေ။

အီကွေဒေါသမ္မတ ဒန်နီယယ်နိုဘိုအာက မူးယစ်ဂိုဏ်းများကို တိုက်ဖျက်သည့် အဆင့်သစ် စစ်ပွဲတွင် အမေရိကန်သည် ဒေသတွင်းမဟာမိတ်များထဲ၌ ပါဝင်ကြောင်း ပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ကိုကင်းပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်သည် အီကွေဒေါနိုင်ငံ၏ ဆိပ်ကမ်းကြီးများကို ဖြတ်သန်းစီးဆင်းနေသဖြင့် မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများအတွက် အကျိုးအမြတ်များသော နေရာတစ်ခုဖြစ်နေသည်ဟု နိုဘိုအာက ပြောကြားကြောင်း သိရသည်။

Mon



# အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာ အရောင်အသွေးစုံသည့် ဟိုလီပွဲတော်ကို ဆင်နွှဲလျက်ရှိ

ဒေလီ မတ် ၄

အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူများသည် အရောင်အသွေးစုံလင်လှသည့် ဟိုလီပွဲတော်ကို ဆင်နွှဲလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကောင်းမှုကို ကောင်းမှုက အောင်နိုင်ခြင်းကို ဂုဏ်ပြုသည့် အဆိုပါနွေဦးပွဲတော်သည် ဆောင်းရာသီကုန်ဆုံးခြင်းကိုလည်း အထိမ်းအမှတ်ပြုခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ပြည်သူများသည် ဘုရားရှိခိုးဆုတောင်းခြင်း၊ မိသားစုဝင်များနှင့် သူငယ်ချင်းများကို တောက်ပသော အရောင်များဖြင့် ပက်ဖျန်းခြင်း၊ ရိုးရာအစားအစာများနှင့် မုန့်အချိုများကို သုံးဆောင်ခြင်းတို့ဖြင့် ဆင်နွှဲကြသည်။ ထို့ပြင် ၎င်းတို့သည် လမ်းမများပေါ်တွင် စုရုံးကြပြီး တစ်ဦးနှင့်တစ်ဦး ဆေးရောင်များဖြင့် ပက်ဖျန်းကြသည်ဟု ဆိုရမည် ဖြစ်သည်။

ဟိုလီပွဲတော်သည် ဟိန္ဒူနတ်ဘုရား ဗစ်ရှနူးကို ကိုးကွယ်သည့် တူဖြစ်သူ ပရာလတ်ကို သတ်ဖြတ်ရန် ကြိုးပမ်းခဲ့သည့် ဟိုလီကာအမည်ရှိ ဘီလူးမတစ်ဦး၏ ဟိန္ဒူဒဏ္ဍာရီကို အခြေခံထားခြင်းဖြစ်သည်။ ဟိုလီကာသည် မီးလျှံများအတွင်း ကျဆုံးသွားခဲ့သော်လည်း ပရာလတ်မှာမူ အံ့ဖွယ်နည်းဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

Mon



# တရုတ်နိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြှင့်တင်ပေးကာ ပုဂ္ဂလိကကဏ္ဍ ပံ့ပိုးကူညီမှုများကို ဆက်လက်အားဖြည့်သွားမည်

ပေကျင်း မတ် ၄

တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆုံး ဥပဒေပြုလွှတ်တော်ဖြစ်သော အမျိုးသား ပြည်သူ့ကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေး မစတင်မီ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးဥပဒေကို အကောင်အထည်ဖော်ခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ယုံကြည်မှု၊ တီထွင်ဆန်းသစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးသွားကာ ပုဂ္ဂလိကကဏ္ဍအတွက် ပံ့ပိုးကူညီမှုများကို ဆက်လက်အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ပါတီနှင့် နိုင်ငံတော်၏ အခြေခံမူဝါဒများသည် တသမတ်တည်းရှိပြီး ပြောင်းလဲမည်မဟုတ်ကြောင်း ၁၄ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် စတုတ္ထအကြိမ်မြောက် အစည်းအဝေး ပြောရေးဆိုခွင့်ရှိသူ လူချင်းကျန့်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

ပုဂ္ဂလိကလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကာကွယ်ရန် ရည်ရွယ်သည့် တရုတ်နိုင်ငံ၏ ပထမဆုံးသော ဘက်စုံဥပဒေဖြစ်သော ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေး ဥပဒေသည် မေလတွင် စတင်အာဏာတည်ခဲ့ခြင်းဖြစ်သည်။

ယနေ့အထိ ပံ့ပိုးကူညီမှုဆိုင်ရာ မူဝါဒများနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပေါင်း ၁၅၀ ကျော်ကို မိတ်ဆက်ခဲ့ပြီးဖြစ်သလို ဘက်စုံသုံးသပ်မှုများ ပြုလုပ်ပြီးနောက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ စာတမ်းပေါင်း ၁၄၀၀ ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း လူချင်းကျန့်က မှတ်ချက်ပြုခဲ့သည်။

အဆိုပါဥပဒေကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယုံကြည်မှု၊ အခြေခံအုတ်မြစ်နှင့် အရှိန်အဟုန်တို့သည် ပိုမိုအားကောင်းလာမည်ဖြစ်ပြီး အလားအလာများလည်း ပိုမိုကျယ်ပြန့်လာမည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

Mon



## မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို အကျဉ်းဦးစီးဌာန မကွေးဗဟိုအကျဉ်းထောင်တွင် ယမန်နေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်စင်က မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ မီးလောင်မှုဖြစ်ပွားစေသောအကြောင်းအရင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ရှင်းလင်းပြောကြားခြင်း၊ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့်ပြသပေးရာ အကျဉ်းဦးစီးဌာန မကွေးဗဟိုအကျဉ်းထောင်မှ ဝန်ထမ်းများနှင့် မိသားစုဝင်စုစုပေါင်း ၇၉ ဦးတို့က ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မီးရထားနှင့် မော်တော်ယာဉ်တိုက်မိ၍ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



**ပုဗ္ဗသီရိ မတ် ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ မီးရထားနှင့် မော်တော်ယာဉ်တိုက်မိ၍ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်နှင့် သာဂလကျေးရွာကြား မီးရထားလမ်း မိုင်တိုင်အမှတ် ၂၃၄ မိုင် ၄ ဖာလုံနှင့်၅ ဖာလုံကြားရှိ ရထားသံလမ်းကူး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျည်တောင်ကန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ မင်းဇော်(၅၃)နှစ်ဆိုသူ မောင်းနှင်ပြီး အမျိုးသား နှစ်ဦး လိုက်ပါလာသော BONGO ယာဉ်သည် ဇဝနဒီပရပ်ကွက်မှ သာဂလကျေးရွာဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ရထားသံလမ်းအား ဖြတ်ကူးမောင်းနှင်စဉ် ကျည်တောင်ကန်ဘူတာဘက်မှ နေပြည်တော်ဘူတာကြီးသို့ မောင်းနှင်လာသော DF-1275 မန္တလေး-ရန်ကုန် အမှတ်(၁၂)အစုန်အမြန်ရထားက တိုက်မိခဲ့ရာ မင်းဇော်ဆိုသူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မင်းဇော်ဆိုသူအား ကျည်တောင်ကန် နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မြို့နယ်အချို့၌ ဘိန်းခင်းများ ဖျက်ဆီး

**လွိုင်လင် မတ် ၄**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းခင်း ၈၈ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ တန့်အယ်ကျေးရွာအုပ်စု၊ တန့်အယ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ဧက ၄၀ ခန့်အားလည်းကောင်း။

အလားတူ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ မိုင်းပျဉ်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းပျဉ်းမြို့နယ်၊ ပန်နောင်လုံကျေးရွာအုပ်စု၊ ပန်နောင်လုံကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၂၁ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၈ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ထီပေါင်းကျေးရွာအုပ်စု၊ ဆောင်းဒွီးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၁ ဧကခန့် အားလည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ ၁၁ နာရီ ၁၀ မိနစ်အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လုံပေါကျေးရွာအုပ်စု၊ လိုက်ကတူးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ခုနစ်ဧကခန့်အား လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ သံကျေးရွာအုပ်စု၊ ကျောင်းခမ်း ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ကိုးဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀





## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**အေးသာယာ မတ် ၄**

ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် နံနက် ၈ နာရီ ၅၄ မိနစ်တွင် ရှမ်းပြည်နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်နေ ညီညီ(ခ)မိုးမင်းအောင် (၃၆)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ဧည့်ခန်း၌ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ညီညီ(ခ)မိုးမင်းအောင်ဆိုသူအား အေးသာယာ နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် တာချီလိတ်မြို့နယ်၊ ပုန်းထွန်ရပ်ကွက်၊ ဝန်စေတီကုန်းသွား လမ်းပေါ်အရောက်၌ အဆိုပါရပ်ကွက်နေ လှသောင်း (၆၈)နှစ် ဆိုသူအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လှသောင်းဆိုသူအား တာချီလိတ်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ ပုန်းထွန်ရပ်ကွက်နေ မြထွန်း(ခ)မြတ်ထွန်း (၆၂)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်တွင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြထွန်း(ခ)မြတ်ထွန်းဆိုသူအား တာချီလိတ်မြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီ မိနစ် ၅၀တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်နေ စန်းစန်းအေး (၄၀)နှစ်ဆိုသူ၏နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပြည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ဒေါ်သင်းသင်းနိုင် (၃၇)နှစ်၊ ဒေါ်သဇင်ဦး (၃၄)နှစ်၊ ဦးနေမျိုးလင်း (၄၂)နှစ်ဆိုသူနှင့် ဆင်စုရပ်ကွက်နေ ဒေါ်မျိုးသီရိဇော် (၃၄)နှစ်ဆိုသူတို့အား နေအိမ်အောက်ထပ်တွင် ဖဲရိုက်လောင်းကစားနေသည်ကို တွေ့ရှိရပြီး ၎င်းတို့ထံမှ ဖဲရိုက်လောင်းကစားရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် စန်းစန်းအေး(ပါ-၅)ဦးဆိုသူအား ပြည်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အမှတ်(၂)ရပ်ကွက်၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**ကျောက်မဲ မတ် ၄**

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၌ ပိုင်ရှင် ဒေါ်အေးမူ၏ နေအိမ်တွင် အိမ်ငှား ဦးဝင်းသိန်းဦး (၂၉)နှစ်ဆိုသူနေထိုင်သော (၁၅×၁၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း တစ်ထပ် နေအိမ်အနီးရှိ အမှိုက်ပုံတွင် ဆေးလိပ်တို မီးပစ်ထားခဲ့ရာမှ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကျောက်မဲခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ငါးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် (၁၅×၁၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း တစ်ထပ် နေအိမ်တစ်လုံး၊ ပေ(၄၀×၃၀)၊ အုတ်ညှပ်နှစ်ထပ် နေအိမ်(အနည်းငယ်) မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် ဦးဝင်းသိန်းဦးဆိုသူအား ကျောက်မဲမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝတ္ထုတိုကဏ္ဍ

# ကံ, ကံငယ်ခေလွှန်းသူမို့

**(၂-၃-၂၀၂၆)ရက် စာမျက်နှာ (၁၄)မှအဆက်**

တစ်ရက်မှာတော့ မြို့နယ်မဂ္ဂဇင်းအတွက် သရုပ်ဖော်ပုံများကို ပန်းချီဆရာ၊ ကာတွန်းဆရာများနဲ့ ၈၄လမ်း 'ယူနီဆန်ကဖေး'မှာ ဆွေးနွေးမေးမြန်းတိုင်ပင်ပြီး ထွန်းဦးစာပေဝင်ကာ ရန်ကုန်မဂ္ဂဇင်း၊ ဂျာနယ်တိုက်များက လွှဲလိုက်တဲ့ စာမူခများ၊ လက်ဆောင်မဂ္ဂဇင်း၊ ဂျာနယ်များ ထုတ်ယူပြီး အဲ့ဒီမဂ္ဂဇင်း၊ ဂျာနယ်တိုက်များသို့ စာမူများ ပေးပို့ရန်အတွက် စာတိုက်ကြီးကို သွားရပြန်သည်။ စက်ဘီး မယူဖြစ်ခဲ့လို့ မိတ်ဆွေစာရေးဆရာတစ်ဦးနဲ့ အကြုံလိုက်ခဲ့ရပြန်သည်။ အကြုံပို့သူကလည်း အမှတ်(၄)ကျောင်းက သူ့သမီးကို ကြိုရမှာဆိုတော့ ကိုကိုကျော်ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံရှေ့ဆင်းခိုင်းလိုက်ပြီး စာတိုက်ကြီးကို ခြေကျင်ဆက်လျှောက်ခဲ့ရသည်။ ၂၂ လမ်းထိပ်ရောက်တော့ စီးထားတဲ့ ရာဘာဖိနပ်တစ်ဖက်က ပြတ်သွားပြန်သေး။ ဒါနဲ့ လွယ်ထားတဲ့ လွယ်အိတ်ကြီးထဲက ကွန်ပါဘူးကိုထုတ်၊ အဲ့ဒီထဲက အပ်ချိတ်တစ်ချောင်းထုတ်ယူပြီး ပြတ်သွားတဲ့ သဲကြိုးကို ပြန်တပ်၊ အပ်ချိတ်နဲ့ တွယ်ပြီး ထိန်းစီးလာခဲ့သည်။ ဖိနပ်က ကျပ်သရောင်ရှိပေမယ့် စီးလို့ဖြစ်တာနဲ့ စာတိုက်ကြီးကို ဆက်သွားပြန်သည်။

စာတိုက်ကြီးထဲရောက်တော့ မြန်ချောဌာနက ကောင်မလေးတွေက သူ့ပုံစံကိုကြည့်ပြီး ပြုံးဖြီးဖြီးကြီးတွေ ဖြစ်ကုန်ကြသည်။ ပြုံးလည်း ပြုံးချင်စရာပါပဲ။ ကြည့်လေ ကိုကိုကျော်ရဲ့ပုံစံ ဆံပင်က ဘုတ်သိုက်၊ ခေါင်းပေါ်မှာ ရှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းလိုက်သေး။ မျက်နှာမှာလည်း နဖူးက စီးကျလာတဲ့ ချွေးတွေက စီးကျနေဆဲ။ အုပ် ၅၀ မြောက် ရွှေအောင်လံမဂ္ဂဇင်း လက်ဆောင်ပေးတဲ့ လွယ်အိတ်နီကြီးထဲမှာ ပုံဆွဲစာရွက်တွေ၊ လက်ဆောင်ရတဲ့ မဂ္ဂဇင်း၊ ဂျာနယ်တွေ၊ ပိုစတာလိပ်တွေ ထိုးထိုးထောင်ထောင်နဲ့ ဆိုတော့ လွယ်အိတ်ကြီးက ဖောင်းကားနေတာကိုး။ ပြီးတော့ ညာဘက်ချိုင်းကြားမှာလည်း တစ်ဖက်ချော ချပ်စက္ကူလိပ်ကြီးကိုညှပ်၊ ဝဲဘက်လက်က ပုဆိုးစကိုဆွဲ၊ ဖိနပ်ထပ်ပြတ်မှာစိုးလို့ ထိန်းစီးရတာဆိုတော့ ခြေတရွတ်ဆွဲလို့ဖြစ်ရတာကိုး။ သူ့ကိုမြင်တဲ့သူတိုင်းက မပြုံးဘဲ မနေနိုင်တော့လောက်အောင်ပင် ဖြစ်နေတော့သည်။

စာတိုက်ကြီးကထွက်တော့ အော်ပရာဆရာမိုးထက်နှင့် ချိန်းထားတာသတိရလို့ ၁၉ လမ်း၊ အမတော်ဝင်းထိပ်က 'ကြံ့တိုင်းအောင်' လက်ဖက်ရည်ဆိုင်ကို ၈၁ လမ်းအတိုင်း မြောက်ကို ချီတက်ရပြန်သည်။ ရှေ့တူရူကို လှမ်းမျှော်ကြည့်မိပြန်တော့ ရှားရှားပါးပါး ဘုရားနီ ဗောင်းတော်ကျဘုရားပေါက်မှာ ဘုရားဖူးယာဉ်တစ်စီးရပ်ထားတာကို သတိထားမိလိုက်သေးသည်။ကိုကိုကျော် လမ်းအရှေ့ဘက်ဘေးကနေ ခြေတရွတ်ဆွဲလို့ ဖြည်းဖြည်းလျှောက်နေတုန်း အိမ်ထဲက ခွေးက သူ့ကိုကြည့်ပြီး ဟူးဟူးဝါးဝါးထိုးဟောင်နေပြန်သည်။ တဖြည်းဖြည်းနဲ့ ဘုရားပေါက်နဲ့ တည့်တည့်ရောက်တော့ ခွေးတွေက နှစ်ကောင်သုံးကောင်လောက် စုပြုံပြီး ဘေးကနေ ဟောင်လိုက်နေလို့ ခဲတစ်လုံးနဲ့ပေါက်ပြီး ခွေးတွေကို ပေါက်သည်။ တစ်ကောင်မှန်ပြီး 'ဂိန်' ခနဲအော်ပြီး နောက်ဆုတ်သွားကြလို့ ရှေ့ဆက်လျှောက်နေဆဲ ဘုရားဖူးယာဉ်ဘေးမှာ ရပ်နေတဲ့ အမျိုးသမီးက လက်ခုပ်တီးပြီး---

'ဖြောင်း---ဖြောင်း---ကိုကျော်---ကိုကျော်---မဟုတ်လားဟင်'ဆိုတဲ့ အသံ။ဒီ---ဒီအသံ--အနှစ်နှစ်ဆယ်နီးပါး မကြားရပြီဖြစ်တဲ့ အသံကြောင့် ကိုကိုကျော် ရင်မှာ ဒိန်းခနဲတုန်ခါသွားရပြန်ပါသည်။ သူ့အားခေါ်သည့် အမျိုးသမီးကို လှမ်းကြည့်မိတော့ မြင်ဖူးသလိုတော့ အရှိသား။ ဖြူဖြူသန့်သန့်ခန့်ခန့်ကြီး၊ မျက်မှန်နဲ့ အသက်လေးဆယ်လောက်ရှိမယ့် အမျိုးသမီးက လမ်းကိုဖြတ်ကူးလာပြီး သူ့အနားကို အရောက်မှာ မျက်မှန်ကို ချွတ်လိုက်ပြီး သူ့ကိုကြည့်မှ ကိုကိုကျော်တစ်စုံတစ်ယောက်ကို သတိရလိုက်မိသည်။

'အို---အို---အို---'

'ဖြူပါ---ကိုကျော်---ဒီဘုရားဖူးအုပ်စုကို လိုက်ပို့တာလေ။ ညီမလေးနဲ့ မောင်လေးတို့တည်ထောင်ထားတဲ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းမှာ ဖြူက ကြီးကြပ်သူအဖြစ် လိုက်နေတာ။ ကိုကျော်ကတော့ အရင်အတိုင်းပဲနော် ဘာမှမပြောင်းလဲဘူး။

ကိုယ့်အချစ်ကလည်း မပြောင်းလဲသေးပါဘူး။ ချစ်မြဲချစ်ဆဲ ကြင်နာဆဲပါဖြူလို့ ပြောချင်ပေမယ့် ပိတ်တတ်တဲ့နှုတ်တံခါးကြောင့် ဆွံ့အသူလိုဖြစ်ကာ ကိုကိုကျော်ခင်မျာ ကိုယ့်ပါးကို ကိုယ်ရိုက်လိုက်မိသည်။

'ဟယ်--ကိုကျော်--ဘာလို့--ကိုယ့်ပါးကိုပြန်ရိုက်နေတာလဲ'

'ဟို--အို--ခြင်--ခြင်--ကိုက်--ကိုက်လို့ ဖြူရဲ့---အဟဲ'

'ဟွန့်---လုပ်ပြီ နေ့ခင်းကြောင်တောင် လမ်းလယ်ခေါင်မှာ ဘယ်ကခြင်ရှိလို့လည်း ကိုကျော်ရဲ့ တစ်ခါတည်း'

ဒီလိုနှစ်ဦးသား စကားပြောနေဆဲ ခွေးတွေက လေးငါးခြောက်ကောင် ဖြစ်သွားပြီး ကိုကိုကျော်ကို စွတ်ဟောင်နေပြန်သမို့ ကိုကိုကျော်မှာ ဖြူဖြူသော် မျက်နှာကို သေချာမကြည့်နိုင်တော့သလို စကားလည်းကောင်းကောင်းမပြောနိုင်တော့ဘဲ ခွေးတွေကို ဂရုစိုက်နေရသည်။ ဟုတ်တော့လည်းဟုတ်ပါသည်။ ကိုကိုကျော် ၁၀ နှစ်သားတုန်းက ခွေးနှစ်ကောင်ဝိုင်းပြီး အကိုက်ခံထားရတာ တင်ပါးနဲ့ ပေါင်မှာ ခုချိန်ထိ အမာရွတ်တွေ ကျန်နေဆဲမို့ ခွေးဆိုရင် အသေကြောက်သည်မို့ ခုလို ခွေးကို ဂရုစိုက်နေရခြင်းပင်။ ဒီကြားထဲ ကားဆရာက ဟွန်းတတီတီနဲ့ ကားပေါ်မှာ ဘုရားဖူးတွေ စုံနေပြီး ဖြူဖြူသော်ကို ဟွန်းသံပေးလို့ခေါ်နေပြီ။ ကိုကိုကျော်မှာလည်း ခွေးတွေကို ဂရုစိုက်နေရလို့ ဖြူဖြူသော်ကို ဟုတ်တိပတ်တိ စကားမပြောနိုင်ရှာသေး။ ဖြူဖြူသော် ကိုကိုကျော်ကို သံယောဇဉ်မကုန်သေးတဲ့ ကရုဏာမျက်လုံးတွေနဲ့ကြည့်ပြီး---

'ဖြူသွားတော့မယ်၊ ကားပေါ်မှာ လူတွေစုံနေပြီ၊ ဖြူတို့ ရန်ကုန်ရှစ်မိုင်မှာနေတယ် ကိုကျော်'

အဲ့သလိုပြောပြီး ဖြူဖြူသော် လမ်းကိုပြန်ဖြတ်ကူးပြီး ကားပေါ်တက်လိုက်သည်။ ကိုကိုကျော် ဘာတစ်ခွန်းမှ မပြောလိုက်နိုင်၊ ဝမ်းနည်းပူဆွေးမှုတွေနဲ့သာ လက်ကလေးယောင်ရမ်းပြီး လှုပ်ခါပြလိုက်မိရပြန်ပါသည်။ ဒီမှာ ခွေးတွေက သူ့အနားတိုးကပ်လာပြီး စွတ်ဟောင်နေပြန်လို့ ခဲလုံးနဲ့ပေါက်ပြီး ခွေးတွေကို ထုလိုက်ရသေးသည်။

'အရေးထဲ ဒီခွေးတွေကလည်းတစ်မှောင့်---ကဲကွာ'

ခွေးတွေ နောက်ဆုတ်အသွား ကိုကိုကျော်လှည့်ထွက်လိုက်သည်။ဝမ်းနည်းကြေကွဲမှုက ရင်ထဲမှာ လှိုက်လာပြန်သည်။ ခုမှ သတိရသည်။ ဖြူရဲ့လိပ်စာကို အတိအကျမမေးလိုက်ရတဲ့ အဖြစ်ကို သတိရပြီး အားမလိုအားမရနဲ့ တောက်ခေါက်လိုက်မိသည်။

'တောက်---ဟင်း---ဝေး---ဝေးရပြန်ပြီကော ဖြူရယ်' လို့ ရေရွတ်လိုက်မိရပြန်သည်။ဝမ်းနည်းမှုကိုသာ အဖော်ပြုပြီး ဖိလင်အပြည့်နဲ့ ခေါင်းငိုက်စိုက်သွားပြီး လမ်းလျှောက်လို့မှ လေးငါးလှမ်းပဲရှိသေး၊ ဖြုန်းဆို ကိုကိုကျော်ရှေ့ကို မှောက်လျက်လဲသွားရပြန်ပါသည်။

''---အမလေး ---''

'အကြောင်းရင်းကတော့ ဖီလင်အပြည့်နဲ့ ဆိုက်ဂိုက်ထုတ်ပြီး လမ်းလျှောက်နေတဲ့ သူ့ကို သတ္တိကောင်းတဲ့ ခွေးတစ်ကောင်က ခြေသလုံးကိုဝင်ခဲတာ ခြေသလုံးကို မကိုက်မိဘဲ ပုဆိုးစကိုဆွဲမိသည်မို့ ခွေးက ဆွဲမိဆွဲရာ ခြေကန်အဆွဲကြောင့် ကိုကိုကျော်ရှေ့ကို မှောက်လျက်လဲကျရခြင်းပင်ဖြစ်သည်။ ကျန်တဲ့ခွေးတွေထဲက နှစ်ကောင်ကလည်း အရင်ခွေးဆွဲထားတဲ့ ပုဆိုးကိုပင် စားစရာအမှတ်နှင့် ထပ်မံကိုက်ဆွဲနေကြပြန်ပါသည်။ ကိုကိုကျော် ပုဆိုးစကို ပြန်ဆွဲပြီး---။

'ဟဲ့---ခွေး---ဟဲ့ခွေး'

ခွေးတွေကို အော်ဟစ်ခြောက်လှန့်ပေမယ့် ခွေးတွေက ပုဆိုးစကို မလွှတ်တမ်းဖွတ်လိုက်ဆွဲထားတာကြောင့် ကိုကိုကျော်လက်ထဲက ပုဆိုးစလွှတ်သွားသည်။ လူက လဲကျနေရာမှ လူးလဲထပြီး ချိုင်းကြားက ချပ်စက္ကူလိပ်ကိုဖြုတ်လို့ ခွေးတွေကို ရိုက်ထုတ်သည်။ ခွေးတွေက နောက်မဆုတ်၊ ဒီမှာ အမြင်မတော်တဲ့ လမ်းသွားလမ်းလာများကလာပြီး ခွေးတွေကို ရိုက်ထုတ်မောင်းပစ်လိုက်ကြလို့ ခွေးတွေအဝေးကို ပြေးထွက်သွားကြသည်။ ကိုကိုကျော် သက်ပြင်းကို ဝူးခနဲမှုတ်ထုတ်ရင်း အမှတ်မထင် ဘုရားပေါက် ကိုလှမ်းမျှော်ကြည့်မိရာ ဘုရားပေါက်အလွန်မှာ ကားရပ်ပြီး ဖြူဖြူသော်က သူ့ကို စိုးရိမ်းတကြီးနဲ့ စောင့်ကြည့်နေတာကို မြင်တွေ့လိုက်ရပြန်သမို့ သူလက်ဝှေ့ယမ်းပြလိုက်မိသည်။ ဖြူဖြူသော် လက်တစ်ဖက်က သူမ ပါးစပ်ကိုပိတ်ပြီး ကျန်လက်တစ်ဖက်က သူ့ခန္ဓာကိုယ်အောက်ပိုင်းကို လက်ညှိုးထိုးပြနေပြန်သမို့ ကိုကိုကျော် သူ့ကိုယ်သူ ငုံ့ကြည့်မိရာ ကပျာကယာ လက်နှစ်ဖက်နဲ့ သူ့ရှေ့ အောက်ပိုင်းကို ကာလိုက်မိပါတော့သည်။

အဖြစ်က ခွေးတွေကြောင့် ပုဆိုးကျွတ်သွားလို့ ဘောင်းဘီတိုလေးနဲ့ သူ့အဖြစ်ကို ဖြူဖြူသော်တင်မက ကားပေါ်က ဘုရားဖူးအဖွဲ့တွေရဲ့ ရယ်မောလိုက်သံကိုပါ ကြားလိုက်ရပြန်ပါတော့သည်။ ပုဆိုးကတော့ ခွေးတွေရဲ့ပါးစပ်ဖျားမှာ တစ်စစီဖြစ်လို့။ အော်----ဖြစ်မှဖြစ်ရလေ ကိုကိုကျော်ရယ်'လို့သာ မှတ်ချက်ချနေရပါသတည်း။

**မင်းယဉ်(အမရပူရ)**

## ဆန္ဒပြည့်ဝကောင်းမှုလှစေတီတော်ကြီး ထီးတော်တင်မင်္ဂလာကျင်းပ

**မြစ်ကြီးနား မတ် ၄**

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့ နန်ကျင်ကျေးရွာရှိ သီရိမင်္ဂလာ တောရကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် 'ဆန္ဒပြည့်ဝကောင်းမှုလှ' စေတီတော်ကြီး ထီးတော်တင်မင်္ဂလာကို မတ် ၂ရက် နံနက် ၈နာရီက ကျင်းပရာ အဆိုပါ ကျောင်း၏ သိမ်တော်တွင် ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ သံဝရာစာရအား ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများက ကံဆင့်ကံမြှင့်ကံထပ်မင်္ဂလာ ကျင်းပခဲ့သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ကျောင်းတိုက်အတွင်းရှိ 'ရွှေကိန္နရီ' ဓမ္မာရုံတော်တွင် ရွှေထီးတော် တင်လှူပူဇော်ပွဲ ပထမပိုင်းကိုကျင်းပရာ ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ တက်ရောက်လာသည့် အလှူရှင်များက 'နမောတဿ' သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး ကြွရောက်တော်မူလာသည့် သီလရှင်ဆရာကြီးများနှင့် တက်ရောက်လာသည့် အလှူရှင်များက အမှတ်(၃၇၄) မိုးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဩဘာသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး စေတီတော် ဥပသကာအဖွဲ့မှ ပရိတ်ပန်း၊ပရိတ်ချည်၊ ပရိတ်သဲနှင့် အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းကာ ဘုရားဒါယကာ ဦးစံရွှေ ဘုရားဒါယိကာမ ဒေါ်စန်းစန်းမြင့်နှင့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်များအား ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်တည်ဆောက်ရေးဗိသုကာပညာရှင်များက စေတီတော်ကြီးနှင့် ဆက်စပ်သည်များအား အလှူရှင်များသို့ လွှဲပြောင်းပေးအပ်ကာ ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ စေတီတော်ဖြစ်မြောက်ရေး ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဆရာတော် ဘဒ္ဒန္တ သံဝရာစာရက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသည့် အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆန္ဒပြည့်ဝကောင်းမှုလှ စေတီတော်မြတ်ကြီးထီးတော်တင်မင်္ဂလာ ဒုတိယပိုင်းကို ကျင်းပရာ ဆရာတော်ကြီးများဦးဆောင်၍ တက်ရောက်လာကြသည့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်အား စေတီတော်သို့ ပင့်ဆောင်ကာ သုံးကြိမ်လှည့်လည်ပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တပညာဒီပက ထီးတော်တင်ဂါထာတော်အား ရွတ်ပွားပူဇော်၍ အလှူရှင်များက စေတီတော်ကြီးသို့ ရွှေထီးတော်ဘုံအဆင့်ဆင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား ကရိန်းယာဉ်ဖြင့် ပင့်ဆောင် တင်လှူပူဇော်ကြကာ အလှူရှင်များက ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုး၍ ကြွရောက်တော်မူလာသည့် ဆရာတော်များက 'ယန္ဒွောဗောဓိယာမူလေ' အစရှိသည့် အောင်ဂါထာတော်အား ရွတ်ပွားတော်မူပြီး တက်ရောက်လာသည့် အလှူရှင်များက ဆရာတော်အပါး ၁၃၀ နှင့် သီလရှင်ဆရာကြီး ဆရာလေး ၄၅ ပါးအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လောင်းလှူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၄)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဂျယ်ရမီဂျက်ကက် ဘယ်ဘက်ပခုံးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

**ပါရီ မတ် ၄**

ရင်းနက်စ်အသင်း နောက်ခံကစားသမား ဂျယ်ရမီဂျက်ကက်သည် ဘယ်ဘက်ပခုံးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ကာလရှည် အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ရင်းနက်စ်အသင်းက လန်းစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂျယ်ရမီဂျက်ကက် ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ရင်းနက်စ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဂျယ်ရမီဂျက်ကက်သည် ရင်းနက်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။ **(အောက်ပုံ)(NGB)**





## 2026 Megasaray Hotels Open 3 တင်းနစ်ပြိုင်ပွဲ မတ် ၁၀ ရက်တွင် စတင်မည်

**အန်ကာရာ မတ် ၄**

တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Megasaray Hotels Open 3 တင်းနစ်ပြိုင်ပွဲကို လာမည့် မတ် ၁၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Megasaray Hotels Open 3 တင်းနစ်ပြိုင်ပွဲကို မတ် ၁၀ ရက်မှ ၁၆ ရက်အထိ ၇ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Megasaray Hotels Open 3 တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Megasaray Hotels Open 3 တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အာဂျင်တီးနားတင်းနစ်ကစားသမား Solana Sierra ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## မက်ကန်နီး ဂျူပင်တပ်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆို

**တူရင် မတ် ၄**

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အသင်းကွင်းလယ်ကစားသမား မက်ကန်နီးအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုစာချုပ်သစ်အရ အခွန်ဆောင်အပြီး တစ်နှစ်လျှင် ယူရိုခုနစ်သန်းအထိ ရရှိသွားမည်ဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား မက်ကန်နီးသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်း၏ထုတ်ပြန်ချက်တွင် "မက်ကန်နီးကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ အသင်းအနေနဲ့လည်း နောက်ထပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**




## နည်းပြ ဆဲလ်လက်စ်အား နည်းပြရာထူးမှ ဇာရာဂိုဇာအသင်းထုတ်ပယ်

**မက်ဒရစ် မတ် ၄**

စပိန် ဒုတိယတန်းကလပ် ဇာရာဂိုဇာအသင်းသည် အသင်း၏ရလဒ်ဆိုးများကြောင့် နည်းပြဆဲလ်လက်စ်အား ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဇာရာဂိုဇာအသင်းသည် စပိန်ဒုတိယတန်းပြိုင်ပွဲ ၂၈ပွဲကစားအပြီးတွင် ရမှတ် ၂၄မှတ်ဖြင့် အဆင့်(၂၂)နေရာတွင် ရပ်တည်နေပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြဆဲလ်လက်စ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆဲလ်လက်စ်သည် ဇာရာဂိုဇာအသင်းကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်မှ စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ပွဲ ၂၀တွင် ၅ပွဲနိုင်၊ ၆ပွဲသရေ၊ ၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဇာရာဂိုဇာအသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ဆဲလ်လက်စ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**



## စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်သို့ အက်သလက်တီကို မက်ဒရစ်အသင်း တက်ရောက်

**မက်ဒရစ် မတ် ၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်သို့ အက်သလက်တီကိုမက်ဒရစ်အသင်း တက်ရောက်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိကာ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမြွန်နီက "အခုလို စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး ချန်ပီယံဆုကို ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် အက်သလက်တီကို မက်ဒရစ်အသင်းက ရေပန်းစားလျက်ရှိသည်။ **(အောက်ပုံ)(NGB)**



## ဖီးလစ်နန်မီချာကို ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

**လန်ဒန် မတ် ၄**

မန်စီးတီးအသင်းသည် ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ဖီးလစ်နန်မီချာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၇ပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း ဖီးလစ်နန်မီချာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း



သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ ဖီးလစ်နန်မီချာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဝဲလ်ဘတ် ဘရိုက်တန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မတ် ၄**

ဘရိုက်တန်အသင်းသည် အသင်း တိုက်စစ်မှူး ဝဲလ်ဘတ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘရိုက်တန် အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၁ ပွဲကစားပြီး ၄၈ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဝဲလ်ဘတ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* လီဗာပူးအသင်း၊ အာဆင်နယ်အသင်း၊ ဘာစီလိုနာအသင်းတို့သည် အင်တာမီလန်အသင်း နောက်ခံကစားသမား အလက်ဇန္ဒရိုဘတ်စတိုနီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဖလာမင်ဂိုအသင်းသည် အသင်းနည်းပြ ဖိလစ်ပီလူးဝစ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* ဘိုင်ယန်မြူးနစ်အသင်းသည် အသင်း၏အဓိကတိုက်စစ်မှူး ဟယ်ရီကိန်းအား စာချုပ်သက်တမ်းတိုးရန် အလျှင်အမြန် စီစဉ်လျက်ရှိပြီဖြစ်သည်။

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၃-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၁၆)စပါး - ပဲလေ့စ် (၁၄)<br>(D,L,L,L,L) (L,D,W,W,L) | စပါး ၀-၂ ပဲလေ့စ်<br>ပဲလေ့စ် ၁-၀ စပါး |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၃-၂၀၂၆<br>ကြာသပတေးနေ့ | ညနေ ၃း၃၀ နာရီ | (၇)ရတနာပုံ - ရှောဝတီ(၈)<br>(L,L,L,L,W) (L,L,W,W,D) | ရတနာပုံ ၃-၁ ရှောဝတီ<br>ရှောဝတီ ၁-၁ ရတနာပုံ |

### ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|
| ၆-၃-၂၀၂၆<br>နံနက် ၀၂း၄၀ နာရီ | လိုင်ယွန် - လန်းစ်<br>(ပြင်သစ်လီဂူး-၃) (ပြင်သစ်လီဂူး-၂) | လိုင်ယွန် ၁-၂ လန်းစ်<br>လန်းစ် ၀-၁ လိုင်ယွန် |

# နွေစပါးသီးနှံ စိုက်ပျိုးတောင်သူများအား စပါး(ဆင်းသုခမျိုး)များ အခမဲ့ပံ့ပိုးပေးအပ်ပွဲ ကျင်းပ



**ညောင်ဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ နွေစပါးစိုက်ပျိုးတောင်သူများအား စပါးမျိုးစေ့(ဆင်းသုခ) ပံ့ပိုးပေးအပ်ပွဲကို ညောင်ဦးမြို့ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

နွေစပါးစိုက်တောင်သူများအား ဆင်းသုခစပါးမျိုး ပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီက နွေစပါးစိုက်ပျိုးတောင်သူများအား စပါးမျိုးများ ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုလယ်ယာဦးစီးမှူးက Drum Seeder ဖြင့် စိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ခရိုင်ပိုးမွှားတာဝန်ခံက သီးနှံပင်များအားပိုး၊ ရောဂါကာကွယ်နှိမ်နင်းမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ပံခြေပေါ်အုပ်စု၊ နွေစပါးစိုက်တောင်သူများ အောက်ညဥ့်ကျေးရွာအုပ်စု၊ နွေစပါးစိုက်ပျိုးတောင်သူများအား ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က ဆင်းသုခစပါးမျိုးများကို အခမဲ့ထောက်ပံ့ပေးအပ်သည်။

ညောင်ဦးမြို့နယ်တွင် မြစ်ရေတင်များရှိရာ မိုးစပါးကို မြစ်ရေတင် ငါးခုအသုံးပြုပြီး နွေစပါးကို မြစ်ရေတင် သုံးခုတည်းဖြင့်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မြို့နယ်အတွင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက်က ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ် မြစ်ရေတင်နှင့် သူကောင်းတည်မြစ်ရေတင်တို့တွင် ရှိသည့် နွေစပါး စိုက်ဧက ၅၄၆၃ ဧက ပျက်စီးခဲ့ရာ ထိုပျက်စီးခဲ့မှုအပေါ် အုပ်စုအနေဖြင့် လက်ပန်ခြေပေါ်အုပ်စု၊ အထက်ညဥ့်အုပ်စုနှင့် အောက်ညဥ့်အုပ်စုတို့မှ နွေစပါး ထိခိုက်ပျက်စီးခဲ့သော တောင်သူများအား ထိခိုက်နစ်နာမှုအတွက် တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးများ စိုက် ဧက ၅၅အတွက် မျိုးစပါး ၈၂ ဒသမ ၅ တင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ ပေးအပ်သည့် စပါးမျိုးများကို တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စိုက်ပျိုးရေးဦးစီးဌာနမှပေးအပ်သော မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်များ လိုက်နာဆောင်ရွက်ခြင်းဖြင့် နွေစပါးအထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၈၁)

# တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ သဘောထားထုတ်ပြန်ချက်

ကချင်ပြည်နယ်၏ အဓိကလေကြောင်း ဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ကို (KIA)အဖွဲ့နှင့်(PDF)အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက (FPV Suicide Drone)များ အသုံးပြု၍ လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ သေဆုံးစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာ ကြားသိရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့လိုလားချက်များကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန် ကြိုးပမ်းခြင်းထက် ငြိမ်းချမ်းရေးစားပွဲဝိုင်းမှ အခြေခံဥပဒေနှင့်အညီ နိုင်ငံရေးနည်းလမ်းအရ အေးချမ်းစွာညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သင့်သည်ဟု မိမိတို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူပါသည်။

သို့ဖြစ်ရာ စစ်ရေးနှင့်သက်ဆိုင်ဆက်နွယ်မှုမရှိသော အရပ်ဘက်လေကြောင်းလိုင်းလေယာဉ်အား အကြမ်းဖက်တိုက်ခိုက်မှုကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ရက်စွဲ၊ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**



# ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအား ဆန်နှင့် အသုံးဆောင်ပစ္စည်းများထောက်ပံ့၊ ကျန်းမာရေးစောင့်ရှောက်

**ပြင်ဦးလွင် မတ် ၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ASEAN AHA Center တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများထံ မတ် ၁ ရက်က ထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့မှုတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်နှင့် ပါမောက္ခ ဒေါက်တာရီရီတင်၊ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ရုံးအဖွဲ့၊ ASEAN AHA Center ၏ အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များပါဝင်ပြီး ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအား ဆန် တစ်အိတ်၊ မိသားစုအသုံးအဆောင်ပစ္စည်း တစ်ပုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသ မိုးမိတ်ကုန်းမြေ ယာယီနေရပ်စွန့်ခွာစခန်းမှ လူဦးရေ ၂၉၀ ဦးခန့်ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရွှေတောင်ဦးကျောင်းတိုက်၊ သက်တော်ရှည်ကျောင်းတိုက်၊ မဟာသမုဒ်ကျောင်းတိုက်တို့ရှိ လူဦးရေ ၁၅၈၄ ဦးကို ရွေ့လျားဆေးကုသခန်း ဖွင့်လှစ်၍ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်နေသူ သုံးဦးအား ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့သိုင်း(အခမဲ့)သင်တန်းဖွင့်လှစ်ပို့ချ

**မိတ္ထီလာ မတ် ၄**

မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်သိုင်းဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာ့သိုင်း(အခမဲ့)သင်တန်းကို မတ် ၃ ရက် နံနက် ၈ နာရီခွဲက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သိုင်းဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက သင်တန်းတွင်သင်ကြားပို့ချမည့် မြန်မာ့သိုင်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် သင်တန်းပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလတစ်လ ကြာမြင့်မည်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့သိုင်းသင်တန်း အပါအဝင် ပန်းချီသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်း၊ ကဗျာရေးစပ်နည်းသင်တန်းနှင့် ပိုက်ကျော်ခြင်းသင်တန်းများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဌာန၊ မြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်သိုင်းဆပ်ကော်မတီတို့ ပူးပေါင်း၍ ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် အခမဲ့ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၅၃)

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**စဥ့်ကူး မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်တွင် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စဥ့်ကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက အလျင်အမြန် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၂၁ ရက်၌ 33/0.4 KV 315 KVA ထရန် စဖော်မာတစ်လုံးကို ယာယီတပ်ဆင်ပေးခဲ့ပြီး ဌာနဆိုင်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်းများကို ကနဦး ဓာတ်အားပေးနိုင်ခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် 33 11 KV 10 MVA ကွက်သစ်(၂) ပင်မဓာတ်အားခွဲရုံကို ပြုပြင်၍ စဥ့်ကူးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မတ် ၂ ရက်အထိ စဥ့်ကူးမြို့ပေါ်ရှိ 11KV ဓာတ်အားလိုင်းများပြုပြင်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ မကြာမီကာလအတွင်း ဓာတ်အားသုံးစွဲသူ မိဘပြည်သူများထံ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**တင်စာလွင်(ပြန်/ဆက်)**

## ဆုတောင်းပြည့်စေတီတော် ရှင်ဥပဂုတ္တကျောင်းဆောင် ပြုပြင်မှုလုပ်ငန်းများစတင်



**မုံရွာ မတ် ၄**

မုံရွာမြို့၊ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ၁၃၆၀ ပြည့်နှစ်က ဆောက်လုပ်ထားသော ရှင်ဥပဂုတ္တကျောင်းဆောင်ကို ဂေါပကအဖွဲ့မှ ဦးဆောင်၍ ပြုပြင်မှုလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

ရှင်ဥပဂုတ္တရုပ်ပွားတော်သည် ဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း စွယ်တော်တိုက်မြောက်ဘက်တွင် တည်ရှိပြီး တောင်သမုဒ္ဒရာကို ကြေးပြာသာဒ်တွင် နေကိုကြည့်ပြီး ဆွမ်းဘုဉ်းပေးနေပုံထုလုပ်ထားခြင်းဖြစ်သည်။

ရှင်ဥပဂုတ္တကျောင်းဆောင်ကို ဦးဘဖေ + ဒေါ်အေးကြည်တို့ကို အမှူးထားပြီး ရန်ကုန်မြို့၊ အမှတ် (၆၈)၊ ၃၂လမ်းနေ ဦးချစ်ပို+ဒေါ်သန်းနု၊ (သား) ဦးဇော်ဝင်း၊ ဦးသက်နောင်(ခ) ဦးသန်းနိုင်+ဒေါ်လှဲ့လှဲ့အောင်၊ (မြေး)မမိုးမြင့်သူ၊ မခင်ဥမေ မိသားစုတို့က ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ အလှူရှင်မိသားစုက ၁၃၇၃ခုနှစ်တွင် ငွေကျပ် ၃၀၀၀၀ အကုန်အကျခံ ထပ်မံပြင်ဆင်ခဲ့ပြီး ယခုထပ်မံပြုပြင်ရန်အတွက် အလှူရှင်မိသားစုက ငွေကျပ် ငါးသိန်းနှင့် ဦးသုဇင်ကျော်ဝင်း၊ ကွေ့ကြီးရပ်၊ မုံရွာမြို့မှ ငွေကျပ် ဆယ်သိန်းလှူဒါန်းထားသည်။

ပင်လယ်ဆိပ်ကမ်းတွင် တည်ရှိကြသော ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရှင်ဥပဂုတ္တကို အလေးအနက်ထားပြီး ဖောင်မျှောကာ မီးပူဇော်ပွဲများ ကျင်းပရာတွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့တန်ဆောင်မုန်းလပြည့်တွင် ပူဇော်ပွဲကျင်းပခဲ့သည်။ **(အပေါ်ဝဲပုံ)**

(၃၉၄)



## မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင်ကျေးရွာသွားလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင်၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မိတ္ထီလာ-သာစည် လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင်ရွာသွားလမ်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် သန်း ၁၃၅ ဒသမ ၃၂၀ ဖြင့် ရွှေရောင်လွင်ပြင်ကုမ္ပဏီမှ အရှည် ၀/၂မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းအား ဇွန် ၁၁ မှ စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၄င်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီး`ပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၆၉)**

## ကျေးရွာအုပ်စု ၆ အုပ်စု၌ ဆောင်းနှမ်း ၇၇၇ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးထားရှိရာ ကျေးရွာအုပ်စု ၆ အုပ်စု၌ ဆောင်းနှမ်း ၇၇၇ဧက စိုက်ပျိုးပြီးဖြစ်သည်။

အဆိုပါကျေးရွာအုပ်စုများသည် အရှေ့သာဂရ၊ ကလေး၊ မြို့င်းယန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ကုလားကျောင်းကျေးရွာအုပ်စုများဖြစ်ပြီး ဆောင်းနှမ်းများ စိုက်ပျိုးရာ၌ စိုက်ပျိုးရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် မြေပြင်ချိန်၌ မြေခံအဖြစ် နွားချေး သုံးစီးနှင့် (၁၅း၁၅း၁၅)ကွန်ပေါင်းဓာတ်မြေသြဇာ ၀ ဒသမ ၅ အိတ်၊ အပင်သက်တမ်း ၂၀-၂၅ ရက်သားနှင့် ၄၀-၄၅ ရက်တို့၌ ပုလဲဓာတ်မြေသြဇာ ၀ ဒသမ ၅ အိတ်၊ နှမ်းမျိုးစေ့များအား မစိုက်ပျိုးမီ Tricho-derma လူးနယ်၍ နှမ်းဖိုရောဂါ၊ စုပ်စားပိုးနှင့် သီးလုံးဖောက်ပိုးများကာကွယ်စေရန် ပင်လုံးပြန့်ဆေးနှင့် အခြားလိုအပ်သည့် ဆေးများ ဖျန်းပေးခြင်းများပြုလုပ်၍ စိုက်ပျိုးကြသည်။

ကျောက်ဆည်မြို့နယ်မှ နှမ်းစိုက်တောင်သူများသည် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော ဆင်းရတနာ ၄၊ ဆင်းရတနာ ၁၂ မျိုးများနှင့် ကိုင်းဖျာမျိုးများဖြစ်သော မကွေး ၂/၁၄၊ မကွေး ၂/၁၃၊ ဆင်းရတနာ ၁၄ နှမ်းမျိုးများ အဓိကထားစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၈၀)

*-*-*-*-*-*

## ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး အသိပညာပေးဆွေးနွေး

**မိုင်းယောင်း မတ် ၄**




ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ မတ် ၃ ရက် နံနက်ပိုင်းက "နိုင်ငံတော်၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့" ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းနှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်တို့က ကလေးအလုပ်သမားအရေးကိစ္စသည် မိမိတို့မြန်မာနိုင်ငံ တစ်ခုတည်းတွင်သာမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအသီးသီးတွင် တွေ့ကြုံနေရသော ပြဿနာဖြစ်သည့်အတွက် ကမ္ဘာ့စိန်ခေါ်မှု (Global Challenge) တစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း၊ အရွယ်မတိုင်မီ လုပ်ငန်းခွင်သို့ ရောက်ရှိနေသော ကလေးသူငယ်များ၏ဘဝကို ကယ်ထုတ်မြှင့်တင်နိုင်မှသာ အနာဂတ်ကမ္ဘာအတွက် စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လူသားအကျိုးပြုသော လူငယ်များ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့ပြီး အမျိုးသားကော်မတီသည် ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်နှင့် စီမံချက်များအတိုင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ မိဘပြည်သူအားလုံးကလည်း ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးလုပ်ငန်းများကို အချိန်အပါန်မြှင့်တင်၍ ပိုမိုအလေးထားဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို မလွဲဧကန် အထောက်အကူဖြစ်လာစေမည်ဟု ယုံကြည်မိပါကြောင်းကို ဆွေးနွေးကြသည်။

ထို့ပြင် "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးနှင့် "လေထုညစ်ညမ်းမှုမဖြစ်ပေါ်ရေးတားဆီးပညာပေး" ခေါင်းစဉ်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၅၀၅)

## ဂန္ဓမာပန်းဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေ

**ကျွန်းလှ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှ မြို့ပေါ်ရပ်ကွက် နေအိမ်ခြံဝင်းများတွင် မြေ အောက်ရေတင်စိုက်ပျိုးသော ဂန္ဓမာပန်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေကြောင်း ပန်း စိုက်ပျိုးသူများထံမှ သိရသည်။ "ကျွန်တော်မြေအောက်ရေတင်ပြီး ပန်းမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်စုံ စိုက်ပျိုးကြပြီး ဂန္ဓမာပန်းကို နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးပါတယ်။ ပန်းမျိုးကို ပြင်ဦးလွင်မြို့က မှာယူပြီး အပင်ရေ ၁၅၀၀၀ စိုက်ပျိုးရာမှာ ငွေကျပ် နှစ်သိန်းကျော် ကုန်ကျပါတယ်။ အခုအခါ ပန်းသုံးခက်၊ လေးခက်ကို ငွေကျပ် ၂၀၀၀ ဈေးရောင်းရပါတယ်" ဟု ဂန္ဓမာပန်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။ ကျွန်းလှမြို့နယ်တွင် နေအိမ်ခြံဝင်းအတွင်း ဂန္ဓမာ၊ မေမြို့၊ သပြေ စသည့် ပန်းမျိုးစုံစိုက်ပျိုးကြကြောင်း၊ မိသားအပိုဝင်ငွေရရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြောင်း သိရသည်။ (၄၈၀)

## နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ဆည်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် နွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ ဆည်ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းများမှ လယ်ယာမြေစိုက်ခင်းများအရောက်ပို့လွှတ်ဖြန့်ဝေ ဆောင်ရွက်ပေးသဖြင့် တောင်သူများ စိုက်ပျိုးရေ လုံလောက်စွာ စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ရန်ပယ်ရေလှောင်တမံနှင့် ငမင်ရေလှောင်တမံများမှ ဆည်ရေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှ စတင်ပေးဝေခဲ့သည်။



မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီတွင် ရန်ပယ်ရေလှောင်တမံမှ နွေစပါး ဧက ၉၅၀ ၊ နွေနှမ်း ဧက ၅၀နှင့် ငမင်ရေလှောင်တမံမှ နွေစပါး ဧက ၅၀၊ နွေနှမ်း ဧက ၅၀ စုစုပေါင်း ဧက ၁၁၀၀ ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိသနိုးမြေ)**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ပြောင်းဖူး**

ပြောင်းဖူးမှာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များဖြစ်ကြတဲ့ ဖော့စဖောရပ်စ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဇင့်နဲ့ သံဓာတ်များ ကြွယ်ဝစွာ ပါဝင်ပါတယ်။

ဖော့စဖောရပ်စ်ဓာတ်ဟာ ကယ်လ်စီယမ်ဓာတ်ထက် ပို၍ အရိုးကို ကျန်းမာစေပါတယ်။

ပိုတက်စီယမ်ဓာတ်ဟာလည်း သွေးနီဥအတွင်းရှိ ဓာတ်ပစ္စည်းများပြုလုပ်ရန်အတွက် ဆိုဒီယမ်နဲ့ သံဓာတ်တို့ထက် ပို၍ကောင်းမွန်ပါတယ်။

အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးနိုင်တဲ့ အင်တီအောက်ဆီးဒင့်လည်း ဖြစ်ပါတယ်။

အဝါရောင်ပြောင်းဖူးစေ့ဟာ အမြင်အာရုံအတွက်လည်း အလွန်ကောင်းမွန်စေပါတယ်။

ဒါကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးပြုတဲ့ ပြောင်းဖူးကို မကြာခဏ စားသုံးပေးသင့်ပါတယ်။



**သောင်ချဉ်ဖူး**

သောင်ချဉ်ပင်ကို အပူပိုင်းရာသီဥတုရှိတဲ့ ဒေသတွေမှာ အများဆုံးတွေ့ရပါတယ်။ အရှေ့တောင်အာရှနိုင်ငံများ၊ ပါကစ္စတန်၊ အိန္ဒိယတို့မှာ စတင်တွေ့ရှိပြီး မလေးရှားမှတစ်ဆင့် ဩစတြေးလျနိုင်ငံ မြောက်ပိုင်းသို့ ပျံ့နှံ့ပေါက်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ သောင်ချဉ်ပင်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အများစု၊ အထူးသဖြင့် အညာဒေသရဲ့နေရာအတော်များများ၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာ ပေါက်ရောက်ကြပါတယ်။

သောင်ချဉ်ရွက်နုလေးများတွင် အမျှင်ဓာတ်အရင်းအမြစ်ကောင်းများနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်ပါတယ်။

သောင်ချဉ်ပင်ရဲ့ ပင်စည်၊ အသီးနဲ့ ရွက်နုတို့မှာ ဖလေဗာနွိုက်၊ ဖီနိုလစ်၊ ဂလိုင်ကိုဆိုက်၊ ကာဘိုဟိုက်ဒရိတ်၊ တန်နင်၊ အမိုင်နိုအက်စစ်၊ ကာရိုတီနွိုက်၊ တာပင်နွိုက်နဲ့ အယ်လ်ကာလွိုက်စတဲ့ အာဟာရဓာတ်များ ကြွယ်ဝစွာ ပါဝင်ပါတယ်။

သောင်ချဉ်သီးမှာ ဗီတာမင်အေနဲ့ သတ္တုဓာတ်ကြွယ်ဝစွာပါဝင်ပြီး အရသာမှာ ချိုမြပါတယ်။

သောင်ချဉ်ပင်ရဲ့ အခေါက်၊ အရွက်၊ အစေးတို့မှာ ကိုယ်လက်ရောင်ရမ်းတာကို ဆန့်ကျင်နိုင်စွမ်း၊ ကင်ဆာရောဂါကို ဆန့်ကျင်နိုင်စွမ်း၊ ဘက်တီးရီးယားတွေကို တိုက်ဖျက်နိုင်စွမ်း၊ မှိုရောဂါဖြစ်ပွားနိုင်ခြေကို ဟန့်တားနိုင်စွမ်း၊ ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်းနဲ့ ဗိုင်းရပ်စ်ပိုးများကို ဆန့်ကျင်နိုင်စွမ်းတို့ ရှိပါတယ်။

သောင်ချဉ်ရွက်ကို ဆီးချိုရောဂါ၊ အနာအုံဆေး၊ အဖြူဆင်းခြင်း၊ အနာမီးနဲ့ ထိခိုက်ဒဏ်ရာများအတွက် ဆေးဝါးဖော်စပ်ရာမှာ အသုံးပြုကြပါတယ်။

သောင်ချဉ်ပင်ရဲ့ ပင်စည်နဲ့ အခေါက်တို့ကို သွေးရောဂါအမျိုးမျိုး၊ လေသင်တုန်းဖြတ်ခြင်း၊ မူးနောက်ခြင်း၊ အဖျားအမျိုးမျိုးကြောင့် စိတ်ကယောင်ကတမ်းဖြစ်ခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြပါတယ်။

သောင်ချဉ်ဖူးရဲ့ အခေါက်ကို ခံတွင်းထဲတွင် အပူဖုများပေါက်ခြင်း၊ ခံတွင်းသန့်စင်ဆေး၊ ပြည်တည်နာများကို ဆေးကြောခြင်း၊ သွေးရောဂါများ၊ အမျိုးသမီးများ လစဉ်ဓမ္မတာမှန်စေခြင်း၊ အဖြူဆင်းခြင်း၊ ဆီးချို၊ သွေးတွင်းဂလူးကို့စ်ပမာဏကို ထိန်းညှိပေးနိုင်ပြီး အာရုံကြောစနစ် ပုံမှန်မဟုတ်ခြင်း၊ ယောနိလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ သားအိမ်ရောဂါများ၊ အပူလောင်နာများဖြစ်ခြင်း၊ စိတ်အာရုံချောက်ချားခြင်း၊ ဝမ်းကိုက်ခြင်း၊ ဒူလာပါဒရက်ရောဂါ၊ အရိုးအက်ခြင်း၊ အရိုးကျိုးခြင်းများအတွက် ဆေးအဖြစ် အသုံးပြုကြပါတယ်။

သောင်ချဉ်သီးကို ဆီးချိုရောဂါ၊ အမျိုးသမီးများ ဓမ္မတာစက်ဝန်းပုံမှန်မဖြစ်ခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြပါတယ်။

သောင်ချဉ်သီးအမှည့်ကို စားသုံးနိုင်သလို ယိုပြုလုပ်ပြီးလည်း စားသုံးနိုင်ပါတယ်။ ထို့ပြင် သောင်ချဉ်ဖူးရွက်ကို ပြုတ်ပြီး သုပ်စားရင်လည်း ခံတွင်းမြိန်စေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်တဲ့အတွက် ကိုယ်အလေးချိန်ထိန်းလိုသူ၊ ဝမ်းချုပ်တတ်သူများအတွက် သဘာဝဆေးတစ်လက်ဖြစ်ပါတယ်။



**မာလကာသီး**

မာလကာသီးဟာ ဆီးချိုဝေဒနာရှင်တွေအတွက် စားသုံးသင့်တဲ့ အသီးဖြစ်ပါတယ်။

မာလကာသီးမှာ ဆီးချိုကို ထိန်းညှိပေးနိုင်တဲ့ ထူးခြားချက် (၃)ချက်ရှိပါတယ်။

မာလကာသီးရဲ့ GI Level က အင်မတန်နည်းပါတယ်။ စားလိုက်တဲ့အခါ သွေးထဲက သကြားဓာတ်ကို ရုတ်တရက် မြင့်တက်မသွားစေဘဲ တဖြည်းဖြည်းပဲ တက်စေပါတယ်။

ဖိုက်ဘာ(အမျှင်ဓာတ်)ကြွယ်ဝစွာ ပါဝင်တဲ့အတွက် အစာခြေစနစ်ကို နှေးကွေးစေပြီး သကြားဓာတ်စုပ်ယူမှုကိုလည်း ထိန်းပေးပါတယ်။ ဝမ်းချုပ်ခြင်းကိုလည်း ကာကွယ်ပေးပါတယ်။

ကိုယ်အလေးချိန်ထိန်းဖို့ ကြိုးစားနေသူတွေအတွက် အဆင်ပြေစေပြီး ဗီတာမင်စီလည်း ကြွယ်ဝစွာ ပါဝင်ပါတယ်။

ဆီးချိုသမားတွေအနေနဲ့ မာလကာသီးစားရင် အောက်ပါအချက်တွေကို လိုက်နာသင့်ပါတယ်။

၁။ **အခွံကို နွှာစားပါ**။ မာလကာသီးအခွံက သွေးချိုကို တက်စေနိုင်ပါတယ်။ ဒါကြောင့် အခွံနွှာပြီး အသားကိုပဲ စားသုံးသင့်ပါတယ်။

၂။ **အစိမ်းလိုက်စားပါ**။ အသီးဖျော်ရည်လုပ်သောက်တာထက် အသီးကို အပိုင်းလိုက် ကိုက်စားတာက အမျှင်ဓာတ်ကို ပိုမိုရရှိစေပါတယ်။

၃။ **ပမာဏကို ချင့်ချိန်ပါ**။ ဘယ်လောက်ပဲကောင်းတယ်ဆိုပေမယ့် တစ်ခါစားရင် အနေတော် အသီးတစ်လုံး (သို့မဟုတ်)အစိတ် လေး၊ ငါးစိတ်လောက်ကိုပဲ စားသုံးသင့်ပါတယ်။

မာလကာသီးတင်မကဘဲ မာလကာရွက်ဟာလည်း ဆီးချိုအတွက် အထူးကောင်းမွန်ပါတယ်။ မာလကာရွက်နုနုလေးတွေကို ရေနွေးကြမ်းလုပ်သောက်တာက အစာစားပြီးနောက် သွေးထဲမှာ သကြားဓာတ်တက်လာမှုကို လျှော့ချပေးနိုင်ပါတယ်။

မာလကာသီးမှာပါဝင်တဲ့ အင်တီအောက်ဆီးဒင့် တွေက မျက်လုံးအတွင်းက ဆဲလ်တွေ ပျက်စီးမှုကို လျှော့ချပေးတဲ့အတွက် မျက်စိတိမ်စွဲခြင်းနဲ့ မျက်စိအမြင်အာရုံချို့ယွင်းခြင်းတွေကို နှေးကွေးစေပါတယ်။



**အကြောတစ်ထောင်ပင်**

အကြောတစ်ထောင်ပင်ဟာ အပင်အရွယ်အစားနဲ့မလိုက်အောင် ဆေးဖက်ဝင်သောကြောင့် "ဆေးကြော်ကြီးပင်" လို့တောင် တင်စားခေါ်ဝေါ်ရတဲ့အထိ ဆေးဂုဏ်ကြီးမားတဲ့ အပင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွေမှာ အများဆုံးတွေ့ရတဲ့ အကြောတစ်ထောင်ပင်ဟာ အလေ့ကျပေါက်တဲ့ သဘာဝပင်တွေပါ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ပြင်ဦးလွင်ဘက်မှာ ပေါက်ရောက်ပါတယ်။

ဆီးချိုဝေဒနာရှင်များအတွက် ဆီးပူ၊ ဆီးကျင်၊ ဆီးအောင့် (သို့မဟုတ်) ဆီးထဲ သွေးပါပါက အကြောတစ်ထောင်ပင် သုံးပင်ကို အမြစ်ပါအောင် နုတ်ယူပါ။ ရေစင်အောင်ဆေးပြီး ရေသင့်အောင် ထည့်၍ သကြား(ထမင်းစားဇွန်း နှစ်ဇွန်း)ထည့်ပြီး ကျိုပါ။ ရေဆာတိုင်း သောက်ပေးပါက အထက်ပါရောဂါများ ပျောက်ကင်းပါတယ်။

သောင်းကျ၊ ဒူလာ၊ မီးယပ်၊ လိပ်ခေါင်းနဲ့ အမျိုးသမီးများ သွေးဖြူဆင်းတဲ့ ဝေဒနာတွေအတွက် အရွက်လက်တစ်ဆုပ်စာကို မြေအိုးနဲ့ ပြုတ်ပါ။ ပွက်ပွက်ဆူလာတဲ့အခါ ထွက်လာတဲ့ အခိုးအငွေ့ကို စအိုကတစ်ဆင့် သွင်းပေးရင် ပျောက်ကင်းစေပါတယ်။

နားပြည်ယိုခြင်း၊ နားကိုက်ခြင်းနဲ့ နားအူခြင်းတို့အတွက် အရွက်ကို စင်ကြယ်အောင်ဆေးပြီး ထောင်းပါ။ ရလာတဲ့ သတ္တုရည်ကို စစ်ယူကာ နားထဲသို့ တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ခတ်ပေးပါက ပျောက်ကင်းစေပါတယ်။

ဝမ်းတွင်း၌ အပူများသူများ၊ အနာစပ်နဲ့ မိတ်ထွက်သူများအတွက် အရွက်ပြုတ်ရည်ကို သကြားခတ်ပြီး သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

သျှောင့်စူးခြင်း၊ ဆူးစူးပြီး အတွင်း၌ ဆူးသျှောင့်ကျန်နေပါက အကြောတစ်ထောင်အရွက်ကို မီးကင်ပြီး အနာထိပ်ကို အုံပေးပါ။ ဆူးဟာ အလိုလို ထွက်လာပါလိမ့်မယ်။

ရက်ခြားဖျားတတ်တဲ့ ငှက်ဖျားရောဂါနဲ့ နာတာရှည်အဖျားရောဂါအတွက် အပင်ရဲ့ အရွက်နဲ့ အမြစ်ကို ပြုတ်သောက်ပါက အမြစ်ပြတ်ပျောက်ကင်းစေပါတယ်။

အဆုတ်ကြောင့် ချောင်းဆိုးသွေးပါနေသူများအတွက် အပင်ရဲ့ ပန္နငါးပါးကို ထောင်းပြီး ရလာတဲ့ သတ္တုရည်ကို ၁၂ ပဲသားခန့် တစ်နေ့လျှင် နှစ်ကြိမ် သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

အနာဟောင်း၊ အနာဆွေးများ၊ အနာမကျက်နိုင်ဘဲဖြစ်နေပါက အရွက်ကို မီးကင်ပြီး အနာပေါ်သို့ အုံပေးပါ။ အရွက်ခြောက်သွားရင် အသစ်လဲပေးပါက အနာကို လျင်မြန်စွာ ကျက်စေပါတယ်။



**ဗန်ဒါစေ့(သို့မဟုတ်)ဗာဒံစေ့**

ဗန်ဒါစေ့ဟာ ဉာဏ်ရည်ကို မြှင့်တင်ပေးပြီး နှလုံးရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

ဗန်ဒါစေ့ဟာ ဦးနှောက်နဲ့ အာရုံကြောကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။ ဗန်ဒါစေ့မှာပါဝင်တဲ့ မဂ္ဂနီစီယမ်နဲ့ ဗီတာမင်အီးဓာတ်တွေက မှတ်ဉာဏ်ကို ကောင်းမွန်စေပြီး ဦးနှောက်ဆဲလ်တွေ ပျက်စီးမှုကို တားဆီးပေးပါတယ်။ ဒါကြောင့် ကျောင်းသားလူငယ်တွေနဲ့ သတိမေ့လျော့တတ်တဲ့ သက်ကြီးရွယ်အိုတွေအတွက် အကောင်းဆုံး အစားအစာတစ်ခုဖြစ်ပါတယ်။

ဗန်ဒါစေ့မှာ ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့ အဆီဓာတ်တွေပါဝင်လို့ သွေးကြောထဲက မကောင်းတဲ့ ကိုလက်စထရောတွေကို လျှော့ချပေးပါတယ်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးကြောပိတ်တာမျိုး မဖြစ်အောင် ကာကွယ်ပေးသောကြောင့် နှလုံးကို ကျန်းမာသန်စွမ်းစေပါတယ်။

ဗန်ဒါစေ့မှာပါဝင်တဲ့ အင်တီအောက်ဆီးဒင့်တွေက အသားအရေကို ကြည်လင်တောက်ပစေပြီး အရေပြားခြောက်သွေ့တာကို ကာကွယ်ပေးပါတယ်။ ဆံပင်ကျွတ်တာကို သက်သာစေပြီး ဆံသားကို သန်စွမ်းနက်မှောင်စေသောကြောင့် အလှအပကို မြတ်နိုးသူတွေအတွက် မရှိမဖြစ်ဓာတ်စာတစ်ခုပဲ ဖြစ်ပါတယ်။

ဗန်ဒါစေ့ဟာ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး အရိုးတွေကို သန်မာစေပါတယ်။ ကယ်လ်စီယမ်နဲ့ ဖော့စဖောရပ်စ်ဓာတ်တွေပါဝင်လို့ အရိုးပွရောဂါမဖြစ်အောင် ကာကွယ်ပေးပြီး ခန္ဓာကိုယ်ရဲ့ စွမ်းအင်ကိုလည်း အမြန်ဆုံးပြန်လည်ဖြည့်တင်းပေးနိုင်ပါတယ်။ ပင်ပန်းနွမ်းနယ်နေတဲ့အချိန်မှာ ဗန်ဒါစေ့အနည်းငယ်ကို စားသုံးပေးရုံနဲ့တင် လူကို လန်းဆန်းစေပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မတ် ၄**

တောင်ကြီးမြို့ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့(၂/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမမှ တစ်ဆင့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၂၁ ဦးက Zoom Meeting စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (၅၀၅)



## အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**မြစ်သား မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲရာတွင် အခြေခံကျကျ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အားရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံပန်းချီရေးဆွဲရာတွင် စနစ်တကျ ရေးဆွဲတတ်စေရန်၊ငယ်စဉ်ကတည်းက တီထွင်ဖန်တီးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ သင်ကြားပြသပေးမည့် အတတ်ပညာများကို စိတ်ဝင်စားစွာ လေ့လာသင်ယူသွားကြပြီး ပန်းချီပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်း(ဒဏ္ဍာရီ)က အခြေခံပန်းချီရေးဆွဲနည်းဘာသာရပ်များ ဖြစ်သော အခြေခံမျဉ်းရေးဆွဲနည်း၊ အခြေခံစက်ဝိုင်းပုံ ရေးဆွဲနည်း၊ တိရစ္ဆာန်ပုံရေးဆွဲနည်း၊ လူမျက်နှာပုံရေးဆွဲနည်းနှင့် ရှုခင်းပုံရေးဆွဲနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့အား မတ် ၃ ရက်မှ ၁၄ ရက်အထိ သင်တန်းကာလ ၁၀ ရက်ကြာ နေ့စဉ် နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

**နောင်ချိုမြို့၊ မြို့ပေါ်ရပ်ကွက်များ လမ်းဘေးရေစီးရေလာကောင်းမွန်စေရေးအတွက် ပျက်စီးနေသည့် ရေမြောင်းများ ပြန်လည်ပြုပြင်/စစ်ဆေးနေမှုကို နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (ကဆ)**





## အင်္ဂလိပ်စာ 4 Skills သင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး မတ် ၄**

ကလေးငယ်များအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်များအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းပညာရေးတွင် အထောက်အကူဖြစ်စေရန်နှင့် ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်စေရန်အတွက် အင်္ဂလိပ်စာ 4 Skills သင်တန်းကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပညာဒါနအဖြစ် (အခမဲ့)ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အင်္ဂလိပ်စာ 4 Skills သင်တန်းကို ဆရာ ဦးစိုးလွင်(အင်္ဂလိပ်စာ)က သင်ကြားပို့ချပေးပြီး Grade-5 နှင့်အထက် ကျောင်းသား၊ကျောင်းသူ ၁၆ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ ပညာဒါနအဖြစ် (အခမဲ့) သင်တန်းများကို ဖွင့်လှစ်ရာတွင် အင်္ဂလိပ်စာ 4 Skills သင်တန်းကို မတ် ၃ ရက်မှ ၂၆ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက် အားလပ်ရက်ရှည်ကာလတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ရရှိစေရေးနှင့် ကာယဉာဏ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြိုင်ပွဲများ ပုံမှန်ဆောင်ရွက်ပေးခြင်းနှင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(မိသနီးမြေ)



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အပူလျော့ဖို့ ကာကွယ်စို့

* ပူပါတဲ့ ပူပါ
လူတကာ ညည်းသံကြား
နွေလဆို ပူမှာပေါ့
မေ့ရော့ လေလား ။

* ပူပါခြား သက်သာအောင်
တွေးကြံဆောင် နေမှာပါ
သွားလေရာ ထီးကိုဆောင်း
ခေါင်းကိုယ် အေးမြ ။

* နွေကာလ ချည်ပါးဖြူ
ဝတ်ဆင်မှု အလွန်ကောင်း
နေပူဒဏ် ကာကွယ်ပေး
ကိုယ် အေးပါကြောင်း ။

* ဦးထုပ်ဆောင်း ခေါင်းမပူ
ထွက်လည်မှု ဆောင်းလို့သွား
အပူဒဏ် ကာကွယ်ပေး
ခေါင်းအေး တကား ။

* ခရီးသွား ယပ်လေးဝယ်
လွယ်အိတ်မယ် ထည့်ယူသင့်
ပူလာလျှင် လက်အားစိုက်
ခတ်လိုက် အေးရှင့် ။

* မကြောက်သင့် အပူဒဏ်
တို့လူကြံ ခံနိုင်သား
အပူကွယ် ပစ္စည်းနဲ့
ကာဆီးလို့ တား ။ ။

စိမ်းလဲ့ဝါ(မန်းမြေ)



## ရှေးရိုးရာမပျက် သံဃာတော်များအား လက်တစ်ဆုပ်စာဆွမ်းဆန်စိမ်း လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အနောက်တောင် လယ်၌တည်ရှိသော ကမ္ဘာကျော် ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ၁၃၈၇ ခု၊တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ရက်၊ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ရက်အထိ ကျင်းပရာ တပေါင်းလဆန်း ၁၄ ရက် မွန်းလွဲ ၂နာရီက ရှေးရိုးရာ မပျက်ကြွရောက်တော်မူလာကြသော သံဃာတော်များအား လက်တစ်ဆုပ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ဓနုဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်နှင့် နီးစပ်ရာမြို့နယ်အချို့မှ ဆွမ်းဆန်စိမ်းအလှူခံ သံဃာတော် ၁၁၆ ပါး၊ ရှင်သာမဏေအပါး ၃၀၀ နှင့် သီလရှင် ၁၁ ပါး စုစုပေါင်း ၄၂၇ပါးတို့အား စကျင်ကျောက်ဖြင့် ထုလုပ်တည်ထားကိုးကွယ်သော နှစ်ပေါင်း ၁၀၈နှစ်ပြည့် ရှေးဟောင်း သမိုင်းဝင် ကျောက်တောင်ကြီး ဗုဒ္ဓမြတ်စွာဘုရားကျောင်းတော်ရှိ မဟာမုဏိမွှာရုံမှအစချီ၍ ဖောင်တော်ဦး ဗုဒ္ဓဆင်းတုတော် ရှိဆူအား ဓနုဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်နှင့် ဌာနဆိုင်ရာများက ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက် ပင့်ဆောင်ကြ၍ နည်းများမဆို နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုမျိုးစုံနှင့် လက်တစ်ဆုပ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲအားကျင်းပရာ ဓနုဒေသ ပင်းတယနှင့် ရွာငံမြို့နယ်တို့မှ ပြည်သူများ၊ ပွဲတော်လာ ရပ်နီးရပ်ဝေးမှ အလှူရှင်များနှင့် မြန်မာပြည်အနှံ့မှ ဘုရားဖူးဧည့်သည်များ စုစုပေါင်း အလှူရှင်အင်အား တစ်သိန်းဝန်းကျင်တို့က လောင်းလှူခဲ့ကြသည်။

ဓနုဒေသ ပင်းတယမြို့နယ် ဂုဏ်ဆောင် ရှေးဟောင်းစေတီ ပုထိုးတော်နှင့် ဗုဒ္ဓရုပ်ပွားတော် မြတ် ၈၀၉၄ ဆူတည်ရှိရာ ပေ ပေါင်း ၄၉၀ ရှည်လျားသည့် ရွှေဥမင်သဘာဝလိုဏ်ဂူတော် ဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပရာတွင် ရှေးရိုးရာမပျက် ကျင်းပလာခဲ့သည့် သံဃာတော်များအား လက်တစ်ဆုပ်စာဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး ကျင်းပနိုင်ခဲ့သည့်အတွက် ရဟန်းရှင်လူပြည်သူများက ဝမ်းသာဂုဏ်ယူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၃၃၈)

## ရောဝတီတိုင်းခရီးစဉ်တွင် သာသနာပြုအဖွဲ့မှ အလှူငွေများ လှူဒါန်း

**မန္တလေး မတ် ၄**



မန္တလေး နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်း ဦးဆောင်သည့် (ပုသိမ်မော်တင်စွန်း ဟိုင်းကြီးကျွန်းနှင့်ကျောက်ကလာပ်) ခရီးစဉ်အမှတ်(၁၀၂)ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ရက်အထိ သွားရောက်ရာ အဆိုပါ ခရီးစဉ်တွင် မန္တလေးအသင်းချုပ်နှင့် အတူ ရန်ကုန်တိုင်းဒေသကြီး အသင်း ဥက္ကဋ္ဌ ဦးသက်အောင်နှင့် အသင်းအဖွဲ့ဝင်များလိုက်ပါလျက် သာသနာပြုခရီးစဉ်တွင် စုစုပေါင်း လူဦးရေ ၁၀၅ ဦးခန့် ပါဝင်ခဲ့သည်။

သာသနာပြု ခရီးစဉ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်နှင့် သာသနာပြုအဖွဲ့က စုပေါင်း၍ ရောဝတီတိုင်း ဟိုင်းကြီးကျွန်းဆရာတော် ဘဒ္ဒန္တကေသရ ကျောင်းတိုက်တွင် စုပေါင်းအလှူတော် ငွေကျပ် ကိုးသိန်းရှစ်သောင်းကိုလည်းကောင်း၊ ချောင်းဝဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ ကျောင်းတိုက်တွင် စုပေါင်းအလှူတော် ငွေကျပ်ကိုးသောင်းကိုလည်းကောင်း၊ ပုသိမ်မြို့ ဒေါ်လှရင် လှူဒါန်းသည့် ဝိသာခါမွှာရုံတွင် ငွေကျပ်ခုနစ်သိန်းငါးသောင်းလည်းကောင်း အသီးသီးလှူဒါန်းခဲ့သည်။

သာသနာပြုအဖွဲ့သည် မတ်လနောက်ဆုံးအပတ်တွင်လည်း (တောင်ကြီး၊ အင်းလေး၊ ကယား) တို့တွင် ရှင် ၁၀၀ ပြုပွဲ အမှတ်စဉ်(၁၅)နှင့် ကထိန်အောင်ပွဲ အမှတ်စဉ်(၁၈)ခရီးစဉ်များသို့ သွားရောက်သာသနာပြုဦးမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၀၄၉)


## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန် လှူဒါန်း

**မန္တလေး မတ် ၄**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီး အပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန် တစ်ကျပ်သား ရှစ်ပဲသားရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ်သိန်း ၉၀ နှုန်းဖြင့် အလှူရှင် ကမ္ဘည်းထိုး၍ လှူဒါန်းနိုင်ရာ မတ် ၁ရက်က ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း မလွှန်ထန်းလျက်တန်းနေ ဦးဝင်းမြင့်အေး မိသားစုက ငွေကျပ်သိန်း ၉၀ ကိုလည်းကောင်း၊ ဦးချစ်ရွှေ+ဒေါ်သန်းမိသားစုက ငွေကျပ်သိန်း ၉၀ တို့ကိုလည်းကောင်း လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန်အတွက် လှူဒါန်းလိုပါက ဖုန်း-၀၉၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၄၅)






## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရွှေဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (မွှာစရိယ၊ B.A)ထံမှ အလှူရှင် မိသားစုက ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး ဦးစံဝင်းအား ရည်စူး၍ မန္တလေးမြို့နေ ဒေါ်ခင်လှိုင်(စိန်ပန်းမြိုင်သစ်စက်နှင့် သက်န်းတိုက်)မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ ကို ပေးအပ် လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးစိန်မြင့်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ အဆိုပါ အလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**PNT**

## စူဠဘွဲ့နှင်းသဘင် အခမ်းအနား ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ ၂၀၂၆ ခုနှစ် အစိုးရမွှာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ဆက်ကပ်ခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ မတ် ၄ ရက် နံနက် ၁၀ နာရီက ဝေဇယန္တာမွေ့ဗိမာန်တော်ကြီးသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၂၅-၂၀၂၆ ခုနှစ်အစိုးရမွှာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲ ညောင်ဦးစာဖြေဌာန၌ ဝင်ရောက်ဖြေဆိုပြီး အောင်မြင်တော်မူကြသော သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များဆက်ကပ်နိုင်ရေးအတွက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်ကော်မတီဝင်များ၊ ဘုရား ၁၈ ဆူမှ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၈၁)

## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများဆောင်ရွက်

**သရက် မတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများကို အခမဲ့စစ်ဆေးဆောင်ရွက်ကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ ဆေးရုံ အောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် အငြိမ်းစား ဝန်ထမ်းများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# မေတ္တာဆောင်ကာ ဆက်ဆံပါသော်

မန်းမြေမှ ပန်းသပြေ

ရှေးလွန်လေပြီးသော နှစ်ပေါင်း ၂၅၀၀ ကျော် ဂေါတမဗုဒ္ဓ ဘုရားရှင် ပွင့်တော်မူစဉ်က တစ်ခုသော ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုစဉ် အချိန်က မြတ်စွာဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဝါဆိုဝါကပ်တော်မူနေစဉ် ဖြစ်သည်။ မြတ်ဘုရားထံမှ ကမ္မဋ္ဌာန်းတရားများ တောင်းယူ၍ တောအရပ် မှီကာ တရားအားထုတ်လိုကြသော ရဟန်းတော်ငါးရာတို့အား အကြောင်းပြု၍ မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာအခြေခံတရားကို ဟောကြားတော်မူခြင်းဖြစ်သည်။ ရဟန်းတော်များ တရားအားထုတ်နေစဉ် ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ၏ ရန်မှကင်းဝေးစေလျက် ချမ်းမြေ့စွာ တရားအားထုတ်နိုင်ကြစေရန်၊ သတ္တဝါအများ မေတ္တာ၏အအေး ဓာတ်များရရှိကြကာ စိတ်နှလုံးအေးချမ်းသာယာကြစေရန် မေတ္တာဓာတ်များ အရံအတားအဖြစ် ဟောကြားသော ဒေသနာတော်ဖြစ်ပါသည်။ ထိုမေတ္တာသုတ်၏တန်ခိုး၊ မေတ္တာ၏စွမ်းအားကြောင့် ရဟန်းတော်များသည် ရဟန်းကိစ္စပြီးမြောက် အရဟတ္တဖိုလ်ပေါက်သည့် တိုင်အောင် ကျင့်ဆောင်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ဝါခေါင်လသည် မေတ္တာသုတ်တော် ဟောကြားတော်မူသည့်လဟုလည်းကောင်း၊ ထိုဝါခေါင်လ၏ လပြည့်နေ့ကို 'မေတ္တာအခါတော်နေ့ 'ဟုလည်း ကောင်း သတ်မှတ်၍ ကုသိုလ်ကောင်းမှုအမျိုးမျိုးပြုလုပ်ကြသည်။ မေတ္တာကမ္မဋ္ဌာန်းများလည်း ပွားများစီးဖြန်းကြသည်။ ထို့သို့ မေတ္တာ အခါများသတ္တဝါကို မေတ္တာတရားရှေ့ဆောင်ထား၍ ပွားများ ဆက်ဆံရမည် ဖြစ်ပေသည်။

မေတ္တာရှေ့ဆောင် လဝါခေါင်နှင့်စပ်လျဉ်း၍ အကျယ်ချဲ့မရေး လိုတော့ပါ။ သို့သော် မေတ္တာနှင့်ပတ်သက်၍ အနည်းငယ်မျှ ရေး ချင်ပါသည်။ မေတ္တာဆိုသောစကားသည် ပါဠိဘာသာမှ ဆင်း သက်လာခြင်းပါ။ 'ချစ်ခင်ခြင်း 'ဟု အဓိပ္ပာယ်ရသည်။ 'သူ့အကျိုး ကိုလိုလားခြင်း 'ဟုလည်း ဆိုကြပါသည်။ မေတ္တာဟူသည် ငြိမ်း ချမ်းခြင်းသဘောဖြစ်ပြီး ကြည်လင်အေးမြသည့် သဘောကိုလည်း ဆောင်ပါသည်။ မေတ္တာသည် ဗြဟ္မစိုရ်တရားတွင် ပါဝင်သဖြင့် ဗြဟ္မာကြီးများ စောင့်ထိန်းသော ဗြဟ္မဝိဟာရတရားပင် ဖြစ်သည်။ မေတ္တာသည် မိမိ၏အမျက်ဒေါသကို ပယ်ဖျောက်နိုင်သလို သူ တစ်ပါး၏ ဒေါသကိုလည်း ပယ်ဖျက်နိုင်၏။ မေတ္တာဓာတ်များ လွှမ်းခြုံရာတွင် ပုဂ္ဂိုလ်သတ္တဝါ ခွဲခြားချက်မရှိစေရပါ။ အရပ်ဒေသ ပိုင်းခြားချက်လည်း မရှိစေရပါ။ ဩဓိသ၊ အနောဓိသ ပုဂ္ဂိုလ် အားလုံး လွှမ်းခြုံရပါသည်။ အဓိကဆိုလိုချင်သည်မှာ မေတ္တာ ဘာဝနာပွားများရာတွင် 'အတ္တ၊ ပိယ၊ မဇ္ဈ၊ ဝေရီ သိမ်းလေးလီ၊ အညီရှုကြရာ 'ဆိုသော ရှေးပညာရှင်များ၏ အဆိုအမိန့်အရ ၁။ အတ္တ=မိမိကိုယ်ကို၊ ၂။ ပိယ= ချစ်ခင်နှစ်သက်အပ်သောသူ၊ ၃။ မဇ္ဈတ္တ=အလယ်အလတ်ဖြစ်သောသူ၊ ၄။ ဝေရီ=ရန်သူ၊ ဤလေး ဦးသောပုဂ္ဂိုလ်များကို အစဉ်အတိုင်း ပွားများကြရမည်ဖြစ်သည်။ ထိုသူတို့ကို အနိမ့်၊ အမြင့်၊ ချစ်၊ မုန်း မခွဲခြားဘဲ တစ်သားတည်း သဘောထား၍ မေတ္တာပွားများနိုင်ပါလျှင် ခပ်သိမ်းသောအမှုကိစ္စ တို့ အောင်မြင်စေနိုင်ပေသည်။ ထို့နောက် 'တစ်နေ့သုံးခါ၊ အိုးတစ် ရာနှင့်၊ ချက်ခါထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့ တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း 'ဟု မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရန် တိုက်တွန်းထားပါ သည်။

အင်္ဂုတ္တရနိကာယ် ဧကာဒသနိပါတ်၌ ပြဆိုထားသည်မှာ 'စိတ် ၏ကိလေသာမှ လွတ်ကြောင်းဖြစ်သော မေတ္တာကိုမှီဝဲအပ်သည် ရှိသော်၊ ပွားစေအပ်သည်ရှိသော်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်၊ ကောင်း စွာအားထုတ်အပ်သည်ရှိသော် ' အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ် လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေ မဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မ တိုင်သာ၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်၊ ဗိုလ်လူအများ၊ မေတ္တာပွား 'ဟူ၍ တစ်ဦးကိုတစ်ဦး မေတ္တာဓာတ်အရင်းခံဖြင့် သည်းခံ ဆက်ဆံကြမည်ဆိုပါလျှင် တစ်ဆယ့်တစ်ပါးသော အကျိုးတို့ကိုရရှိ စေနိုင်သည်ဟု ဆိုပါသည်။

မြတ်စွာဘုရားရှင် အပြင်အောင်ခြင်းရှစ်မျိုးကို အောင်မြင်တော်မူ ခြင်းသည် မေတ္တာစိတ်ထား ခန္တီတရားဖြင့် အောင်မြင်ခြင်းပါ။ မေတ္တာ ခြံသဖြင့် ရန်ဘယာအားလုံး လုံခြုံခြင်းဖြစ်ပေသည်။ ထို့ကြောင့် မေတ္တာရှေ့ဆောင် လဝါခေါင်သည် ငြိမ်းချမ်းရေးကို ဖော်ဆောင် သောလဟု ဆိုရပေမည်။ မေတ္တာသည် ငြိမ်းအေးသောသဘောကို ဆောင်သည်။ အမုန်းတရားများကို ချေဖျက်နိုင်သော လက်နက် ကောင်းတစ်ခုလည်း ဖြစ်သည်။ ဘေးအန္တရာယ်များ မကျရောက် အောင် ကာကွယ်ပေးသော အကာအရံတံတိုင်းပမာလည်း ဖြစ်သည်။

တစ်နည်းဆိုရသော် မေတ္တာဘာဝနာပွားများ၍ မေတ္တာစိတ်များ ရှိနေသူသည် ဗြဟ္မစိုရ်တရားတွင်ပါဝင်သော 'ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ' ဆိုသော ကျန်တရားများကို လွယ်ကူစွာဆက်လက်ပွား များနိုင်စွမ်း ရှိပေသည်။ ထို့ပြင် အလ္လုဒါနတို့ထက်လည်းကောင်း၊ သရဏဂုံသီလတို့ထက်လည်းကောင်း၊ နွားနို့တစ်ညှစ်စာမျှ မေတ္တာ ဘာဝနာပွားများခြင်းက ပို၍အကျိုးကြီးကြောင်း၊ ဝေလာမသုတ် တော်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

မေတ္တာသည် အငြိမ်းဓာတ်၊ အအေးဓာတ်ဖြစ်၍ ငြိမ်းအေးချမ်း သာမှုကို ခံစားရသည့်အပြင် အခြားသူအပေါ်၌လည်း ငြိမ်းအေး သောမေတ္တာဓာတ်များ ကူးစက်ပျံ့နှံ့စေကာ ချမ်းမြေ့စေပါသည်။ ထို့ကြောင့် မေတ္တာသည် ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သော အဒေါသ၏ ချမ်းမြသောရေအလျဉ်ဟု ဆိုရပေမည်။ မေတ္တာစိတ်ထားကမ္မဋ္ဌာန်း တရားပွားများနေသူများ၏ စိတ်ဘဝင်နှလုံးရွှင်ပြုံးအေးမြ၍ ငြိမ်း ချမ်းသာယာ၊ ရန်ဘယာကင်းဝေး၊ လောကုတ်လောကီ နှစ်လီနှစ်ဝ ကောင်းကျိုးချမ်းသာများ ပွားတိုးနိုင်လေသည်။ မေတ္တာတရားကျင့် ပွားနေသူသာမက ဘေးပတ်ဝန်းကျင်ပါ အအေးဓာတ်များ လွှမ်းပတ် ဝေဖြာစေသည်မို့ လူတိုင်းအပေါ် မေတ္တာနှင့်ယှဉ်၍သာ ဆက်ဆံ သင့်လှပေသည်။

ယခုခေတ်လူ့ဘောင်လောကကြီးတွင် ဗြဟ္မစိုရ်တရားများ ခေါင်း ပါးလာကြသည်။ မေတ္တာစိတ်ဖြင့် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း လိုသောစိတ်များ လျော့နည်းလာကြသည်။ ကိုယ်ကျင့်တရားများ ပျက်ယွင်းကာ နိုင်လိုမင်းထက် နှိပ်စက်လာကြသည်။ မေတ္တာ အခြေခံတရား သည်းခံမှုများ မထားနိုင်ကြခြင်းသည် လူသားလောက သာယာမှုကင်း၍ ဘေးဒုက္ခအန္တရာယ်များကို ဖိတ်ခေါ်သည်နှင့်တူ နေပေသည်။ ထိုသို့သော ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်ရန် အကြောင်းသည် ဗြဟ္မစိုရ်တရားထားရှိကာ တစ်ဦးကိုတစ်ဦး မေတ္တာ နှင့် ယှဉ်သောစိတ်များဖြင့် ဆက်ဆံကြရမည်ဖြစ်ပေသည်။ 'နှစ်သက် စရာ ရွေးချယ်၍ရှာ မေတ္တာပါ၊ ကျေနပ်စရာ ရွေးချယ်၍ရှာ မေတ္တာ ပါ။ ' မေတ္တာနှင့်ယှဉ်သော 'သတိ ' ကို အစဉ်အမြဲတည်ဆောက်၍ နေသင့်သည်။ ထိုသို့နေထိုင်ခြင်းမျိုးကို 'ဗြဟ္မဝိဟာရန္တိ ' ဗြဟ္မာ ကြီးများ နေထိုင်ခြင်းမျိုးနှင့်တူသည်ဟုလည်းကောင်း၊ 'ယောနိသော မနသိကာယ 'ဟုလည်းကောင်း၊ အရိယာ သူတော်ကောင်းကြီးများ လိုက်နာကျင့်သုံးသည့်တရားဟုလည်းကောင်း မြတ်ဘုရားရှင်က မိန့် ကြားတော်မူခဲ့ပါသည်။

မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းအလုပ်ကို လူတိုင်းကိုယ်စီ ဆောင်ရွက်ကြမည်ဆိုပါလျှင် လောကလူ့ရွာ အရာရာမှာ မေတ္တာအအေးဓာတ်များဖုံးလွှမ်းကာ မိမိတို့ကိုယ်တိုင်၌လည်း စိတ်ရောကိုယ်ပါ အေးမြချမ်းသာ၊ ကမ္ဘာလောကကြီးသည်လည်း ငြိမ်းချမ်းသာယာ၊ သတ္တဝါအများလည်း ဘေးဘယာမသန်း အေးချမ်းတည်ငြိမ်၍ သာယာနေမည်မှာ မလွဲပါ။

လူ့လောကတွင် ခေတ္တခဏ နေထိုင်စဉ်ကာလမှာ စိတ်နှလုံး ကြည်လင်ချမ်းမြေ့စွာ နေထိုင်ရပါမှ လူဖြစ်ရကျိုး နပ်ပေမည်။ ဉစ္စာ ဓန၊ ရာထူးအာဏာ၊ ဂုဏ်ပါဝါ မည်မျှပင် ပြည့်စုံစေကာမူ စိတ် အညစ်အကြေးများ၊ ပူပန်သောကများကြောင့် စိတ်နှလုံးချမ်းမြေ့ မှုမရှိခဲ့လျှင် လူဖြစ်ရကျိုးနပ်မည်မထင်ပါ။ ထို့ကြောင့် မိမိ၏စိတ် နှလုံးဘဝင်ကို ဖြူစင်သန့်ရှင်းအောင် 'သတိ ' ဆိုသော ဥယျာဉ်မှူးက 'ယောနိသော မနသိကာရ ' နှင့် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြင့် မလိုလားအပ်သော စိတ်၏အညစ်အကြေး၊ အမြင်အာရုံ၊ အကြား အာရုံ၊ အတွေးအာရုံတို့ ဝင်ရောက်နှောင့်ယှက်မှု ကင်းဝေးကာ စိတ် တည်ကြည်ချမ်းမြေ့စွာဖြင့် အရာရာကို အမှားအမှန်ကို ဝေဖန်သုံး သပ်ဆုံးဖြတ်နိုင်မည်ဖြစ်ပေသည်။ လူတို့သည်မိမိတို့၏ အပေါ်ယံ ရုပ်ရည်ကိုသာ လှပအောင် ပြုပြင်တတ်ကြသော်လည်း မိမိတို့၏ အတွင်းစိတ်ဘဝင် နှလုံးသားကို ဖြူစင်အောင် 'သတိ 'နှင့် ထိန်း သိမ်းစောင့်ရှောက်ဖို့ မေ့လျော့နေတတ်ကြသည်။ နှလုံးသားအလှ ကျက်သရေရှိလာအောင် မပြုပြင် မဆင်ယင်တတ်ကြ။ မိမိပိုင်ဆိုင် သမျှအရာအားလုံးတို့တွင် မိမိတို့၏စိတ်နှလုံးဘဝင်သည် တန်ဖိုး အကြီးမားဆုံး၊ အမွန်မြတ်ဆုံး၊ အရေးအပါဆုံးဖြစ်သည်ကို သတိ မမူမိကြ။ ထိုအရေးပါသည့် နှလုံးဘဝင်ကို သန့်ရှင်းကြည်လင် အောင်၊ ချမ်းမြသာယာစေအောင်၊ ငြိမ်းချမ်းစေအောင် 'သတိ 'ဆိုသော စုတ်တံဖြင့် 'စိတ်ကောင်းနှလုံးကောင်း၊ ယောနိသော မနသိကာရ ' ဆေးရောင်ခြယ်သ၊ အလှပြင်ကြဖို့ အထူးပင်လိုအပ်ပါသည်။ မေတ္တာ သည် ကောင်းကျိုးများစွာ ဖြစ်ထွန်းစေပြီး ဆိုးကျိုးများစွာကို ယုတ်လျော့နိုင်စေပါသည်။

ထို့ကြောင့် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းအလုပ်ကို လူတိုင်း ကိုယ်စီ ဆောင်ရွက်ကြမည်ဆိုပါလျှင် လောကလူ့ရွာအရာရာမှာ မေတ္တာအအေးဓာတ်များ ဖုံးလွှမ်းကာ မိမိတို့ကိုယ်တိုင်၌လည်း စိတ် ရောကိုယ်ပါ အေးမြချမ်းသာ၊ ကမ္ဘာလောကကြီးသည်လည်း ငြိမ်း ချမ်းသာယာ၊ သတ္တဝါအများလည်း ဘေးဘယာမသန်း အေးချမ်း တည်ငြိမ်၍ သာယာနေမည်မှာမလွဲပါ။

အချုပ်ဆိုရသော် မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများသည် 'လောဘ၊ ဒေါသ၊ မောဟဆိုသော အကုသိုလ် တရားများပယ်ရှားကာ မေတ္တာတရားလက်ကိုင်ထား၍ စောင့်ရှောက် ကြမည်ဆိုပါလျှင် ကမ္ဘာလောကကြီးလှပစေရန် အေးမြကြည်လင် မေတ္တာကမ္မဋ္ဌာန်း အလှပန်းများဖြင့် လှပအောင် ပြုပြင်တန်ဆာ ဆင်ကြမည်ဆိုပါလျှင် သဘာဝဘေးဆိုးအန္တရာယ်အမျိုးမျိုးနှင့် မကောင်းသည့်ဆိုးကျိုးများ ပပျောက်ကာ လူသားကမ္ဘာ သာယာ လှပ တည်ငြိမ်အေးချမ်းနေပေမည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာဆောင်ကာ ဆက်ဆံပါသော် ထိုကောင်းမြတ်သော အကျိုး တရားများရရှိနိုင်ပါကြောင်း မေတ္တာတရားအရင်းခံထား၍ ရေးသား လိုက်ရပါသည်။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၀-၂)၊ ဦးပိုင်အမှတ်(၉)၊ ၁၁၅လမ်း၊ ၇၃ လမ်းနှင့် ၇၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဖေထံမှ ပေးကမ်းခြင်းစာချုပ်အမှတ်(၂၉၅၃/၂၀၂၅)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ (သမီး)ဒေါ်ဝင်းဝင်းနီ(၉/မရမ(နိုင်)၀၃၀၂၇၄)က အမှုတွဲအမှတ်(၅၄၉၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၂)နေ ဦးစိုးအောင်(ဘ)ဦးတင်ထွန်းအောင်(၈/မသန(နိုင်)၁၀၃၉၆၉) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၂)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၃၀၉၉)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဇော်မင်း(ဘ)ဦးထွန်းကြိုင် (MYA-၁၄၅၄၁၈)ကိုင်ဆောင်သူ အမည်ဖြင့် ချထားရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်မှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆောင်ဆင့်ဖြင့် ဝယ်ယူ၍ ယနေ့အချိန်ထိ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော အထက်ပါမြေကွက်၏ မြေချထားမိန့်(စလစ်)နှင့်တကွ လမ်းဖိုး၊ မြေဖိုး စာရွက်များသည် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေသည်မှာ မှန်ကန်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှ အခြားသူများထံသို့ ရောင်းချ-ပေါင်နှံထားခြင်း၊ ပေးကမ်း-လွှဲပြောင်းထားခြင်းများ၊ စွန့်လွှတ်ထားခြင်း၊ တစ်နည်းနည်းလွှဲပြောင်းထားခြင်းများ လုံးဝမရှိပါ။

အဆိုပါ မြေကွက်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဦးစိုးအောင် | ဒေါ်ကြည်ကြည်ဆွေ (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၁၁၇/၁၆–၁၀–၂၀၂၃) |
| (၈/မသန(နိုင်)၁၀၃၉၆၉) | (၉၀–၂၃/၉၆)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၀၈(D)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၀၂၆၀၅၆၆၅၊ ၀၉–၇၇၉၆၆၂၅၇၀ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးလွင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်မောင်(ဘ)ဦးစံဦး(၉/အမရ(နိုင်)၀၁၁၇၆၅) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B , DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၅၂၅)ဧက အကျယ်အဝန်းရှိ ဒေါ်မြသန်း အမည်ပေါက် ဂရန်မြေကွက်အတွင်း မြောက်ဘက်ခြမ်း (၂၅×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုကြသော ၁။ ဒေါ်မြင့်မြင့်သိန်း (ဘ)ဦးစိုး(၉/မနမ(နိုင်)၀၆၄၁၉၀)၊ ၂။ ဒေါ်ရီရီမြင့်(ဘ)ဦးစိုး(၉/မနမ(နိုင်)၀၆၄၁၈၇)နှင့် ၃။ ဦးခင်မောင်ထွေး(ဘ)ဦးစိုး(၉/မနမ(နိုင်)၀၆၄၁၈၆)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B , DBL) တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၁)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညွန့်နိုင် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သဇင်ထွန်း(ဘ)ဦးထွန်းဝေ(၉/ခမစ(နိုင်)၀၀၉၀၈၉)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B , DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

၁။ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၆၇)၌တည်ရှိသော ဂရန်မြေအမျိုးအစား၊ မြေဦးပိုင်အမှတ်(၂-င)၊ မြေဧရိယာ (၀ ဒသမ ၀၅၁၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် မြေယာအမှုတွဲအမှတ်(၁၀၃၃/၁၉၉၉-၂၀၀၀)အရ အမွေရှင်(ဖခင်)ဦးစိန်လင်း(၉/မရမ(နိုင်)၀၆၀၃၁၈)အမည်ပေါက်လျက်ရှိပြီး အနှစ်(၃၀)ဂရန်သက်တမ်းရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ နယ်နိမိတ်လေးရပ်မှာ မြောက်လားသော် လက်ရှိအသုံးပြုထားသောလမ်း၊ အရှေ့လားသော် လမ်း၊ တောင်လားသော် ဦးပိုင်(၂-ည)မြေအစပ်၊ အနောက်လားသော် ဦးပိုင်(၁)မြေအစပ်၊ ဤနယ်လေးရပ်အတွင်း တည်ရှိပါသည်။

၂။ အမွေရှင်မိဘနှစ်ပါးဖြစ်သော ဦးစိန်လင်း+ဒေါ်နုနုရီတို့မှ သား၊ သမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ (၁)ဒေါ်တင်နွယ်လင်း၊ (၂)ဒေါ်သင်းသင်းလင်း၊ (၃)ဦးပြည်စိုးလင်း၊ (၄)ဦးသိန်းဆွေလင်း(ခ)ဂူးဂူးတို့ ဖြစ်ကြပါသည်။ မိခင်ဖြစ်သူ ဒေါ်နုနုရီသည် အသက်(၅၁)နှစ်အရွယ်(၈-၆-၂၀၀၀)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးစိန်လင်းသည် အိမ်ထောင်သစ်ထူထောင်ခြင်းမရှိဘဲ သား၊ သမီးတို့နှင့်အတူ နေထိုင်စဉ်အတွင်း အသက်(၇၆)နှစ်အရွယ် (၉-၁၁-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ (သား)ဦးပြည်စိုးလင်းသည် ဖခင်ထက်စော၍ (၂၁-၆-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးပြည်စိုးလင်း ကွယ်လွန်သည့်အခါ ၎င်း၏ဇနီး ဒေါ်စပယ်ဖြူနှင့် သား ကိုအောင်သူစိုးလင်းတို့သည် အမွေစား အမွေခံများအဖြစ် ကျန်ရစ်ခဲ့ပါသည်။ မိဘနှစ်ပါး ကွယ်လွန်သည့်အခါ ယင်းမြေနှင့် မြေပေါ်ရှိ နံကပ်တစ်ထပ်တိုက်အဆောက်အအုံတို့သည် မခွဲဝေရသေးသော အမွေပုံပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၃။ အမွေမခွဲဝေရသေးသော မြေနှင့်အဆောက်အအုံနှင့် ပတ်သက်၍ သူတစ်ပါးတို့ထံတွင် ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း တစ်စုံတစ်ရာမျှ မရှိပါ။ မိသားစုမခွဲဝေရသေးသော အမွေပုံပစ္စည်းဖြစ်၍ အမွေဆိုင်မစုံလင်ဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရန် ကန့်ကွက်အပ်ပါသည်။ အစ်မအကြီးဖြစ်သူ ဒေါ်တင်နွယ်လင်းမှ အမွေပုံပစ္စည်းဖြစ်သော မြေနှင့် အဆောက်အအုံပေါ်တွင် လက်ရှိနေထိုင်ပြီး ဂရန်စာချုပ်မူရင်းများကို ၎င်းလက်ဝယ်တွင် ယုံကြည်စွာ အပ်နှံထားရှိပြီးဖြစ်ပါသည်။

၄။ အစ်မအကြီးဖြစ်သူ ဒေါ်တင်နွယ်လင်းမှ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း၊ (၄)ပုံ (၁)ပုံကို ဩရသအခွင့်အရေးအရ ရယူပြီး တစ်မိမ်းတရံသို့ ရောင်းချထားပြီးဖြစ်၍ ကျန်ရှိသော (၄)ပုံ(၃)ပုံကို အမွေခံမောင်နှမများဖြစ်သော (၁)ဒေါ်သင်းသင်းလင်း၊ (၂)ဦးပြည်စိုးလင်း(ကွယ်လွန်)၏ ဝေစုနှင့် (၄)ဦးသိန်းဆွေလင်း(ခ)ဂူးဂူးတို့၏ (၄)ပုံ(၃)ပုံ အခွင့်အရေးကို လွှဲပြောင်းရောင်းချခြင်း၊ ခွဲစိတ်ခြင်းများ မပြုလုပ်ရန်အတွက် တင်ပြကန့်ကွက်အပ်ပါသည်။ အချင်းဖြစ်မြေ၊ မြေဧရိယာ(၀ ဒသမ ၀၅၁၈)ဧက၏ (၄)ပုံ(၃)ပုံအခွင့်အရေးသည် ကျန်မောင်နှမ(၃)ဦးမှ မိမိတို့၏ဝေစုများဖြစ်သောကြောင့် တစ်မိမ်းတရံသို့ ဥပဒေနှင့်အညီ ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရောင်းချရာတွင် သက်ဆိုင်ရာတရားရုံးတော်မှ အမွေထိန်းလက်မှတ်စာဖြင့် အချင်းဖြစ်မြေတစ်ကွက်လုံး၏ ထုခွဲရောင်းချခွင့်ကို တရားဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ရာတွင် "မြင့်မိုရ်ဦး" အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း၊ ဖုန်း ၀၉-၉၇၉၀၃၆၃၉၈၊ ၀၉-၇၆၇၇၃၉၀၀၂ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| **ဒေါ်သင်းသင်းလင်း(အဘ)ဦးစိန်လင်း** | **ဦးမောင်မောင်အေး (LL.B)** |
| **၉/မတရ(နိုင်)၀၀၀၂၉၂** | **တရားလွှတ်တော်ရှေ့နေ** |
| **၅၃လမ်းနှင့် ၅၄လမ်းကြား၊ (၁၀၈–အေ)လမ်း၊** | **(စဉ်–၆၂၉၂/၄–၁၂–၁၉၉၅)** |
| **ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊** | **အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊** |
| **မန္တလေးမြို့။ ဖုန်း ၀၉–၂၀၄၄၀၈၉** | **၈၄လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၁၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ခင်အုံးမာ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း၏ တောင်ဘက်ပိုင်း)၊ အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်မျိုးမင်း(ဘ)ဦးငွေမော်(၅/စကန(နိုင်)၂၁၁၃၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B)　ဦးဝေဖြိုးအောင် (LL.B)　ဒေါ်မှူးမှူးမြတ်သွယ် (LL.B)　ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကုလားကြီးခြံကျေးရွာ၊ ကွင်းအမှတ်(၅၅၄/လက်သစ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၅၉/၂)၊ မြေဧရိယာ(၁ ဒသမ ၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှသိန်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ အရှေ့လားသော်-အလင်းရောင်မျက်မမြင်ပရဟိတအသင်း၏မြေအစပ်၊ အနောက်လားသော်-လမ်းမြေအစပ်၊ တောင်လားသော်-လမ်းမြေအစပ်၊ မြောက်လားသော်-ဒေါ်လုံးနှင့် ဒေါ်အေးအေးမော်၏မြေအစပ် စသည့် နယ်(၄)ရပ်အတွင်းရှိ (တောင်ဘက်အစွန်းဆုံးအခြမ်း၏ အရှေ့ဘက်ပိုင်း) အရှေ့-အနောက် ပေ(၆၀)၊ တောင်-မြောက်(အရှေ့မျက်နှာစာ - ပေ ၉၀)၊ တောင်-မြောက်(အနောက်မျက်နှာစာ - ၁၀၉ ပေ) အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်အောင်(ဘ)ဦးသောင်ကြီး(၉/ပသက(နိုင်)၀၉၀၅၀၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်နု(ဘ)ဦးသောင်းလွင်(၉/မရတ(နိုင်)၁၀၉၁၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B)　ဦးဝေဖြိုးအောင် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

❖ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိ...

❖ ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်သွားကြရန်လို...

❖ နိုင်ငံ တိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွက်လာရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# နိုင်ငံအတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်နိုင်ကြောင်းနှင့် စိုးရိမ်ကြောင့်ကြမှုမဖြစ်ပေါ်စေရေး အသိပေးထုတ်ပြန်ချက်



သီလဝါရှိ Terminal များတွင် စက်သုံးဆီတင်သင်္ဘောများ ဝင်ရောက်လျက်ရှိမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်

အရှေ့အလယ်ပိုင်းဒေသအတွင်း၌ ဖြစ်ပေါ်လျက်ရှိသော စစ်ရေးပဋိပက္ခအခြေအနေများကြောင့် စက်သုံးဆီတင်သွင်းမှုလမ်းကြောင်းတွင် အကျပ်အတည်းဖြစ်ပေါ်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ရိုက်ခတ်လျက်ရှိပြီး အထူးသဖြင့် ယင်းဒေသမှ ရေနံစိမ်းနှင့်ရေနံထွက်ပစ္စည်းများကို အားပြုတင်သွင်းနေရသည့် အရှေ့တောင်အာရှနိုင်ငံများအတွက် ထိခိုက်မှုများဖြစ်ပေါ်လာမည်ဖြစ်ရာ ယင်းအခက်အခဲ အကျပ်အတည်းများကို ကျော်လွှားနိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအနေဖြင့် နည်းလမ်းများရှာဖွေ၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ တင်သွင်းနေသော စက်သုံးဆီများသည် ထိုင်းနိုင်ငံမှတင်သွင်းနေခြင်းမဟုတ်ကြောင်းနှင့် စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ ပင်လယ်ရေကြောင်းဖြင့် အဓိကတင်သွင်းနေပြီး စက်သုံးဆီဖြည့်ဆည်းမှုကွင်းဆက် Supply Chain တစ်လျှောက်တွင် အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက်

စာမျက်နှာ ၇ သို့ ❖

# ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်

**ရန်ကုန် မတ် ၄**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ (week-20) ပွဲစဉ်တစ်ပွဲဖြစ်သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်အသင်းက လေးဂိုး၊ ဂိုးမရှိဖြင့် ဟံသာဝတီအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် ဟိန်းဇေယျာလင်းက နှစ်ဂိုး၊ မောင်မောင်လွင်နှင့် ဟားမားတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး လေးမိနစ်အကြာတွင် စတင်ရရှိခဲ့ပြီး ဟိန်းဇေယျာလင်းက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးရရှိပြီးနောက် ရန်ကုန်အသင်း ဆက်တိုက် တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ဟားမား၏ ကန်တင်ပေးပို့မှုမှတစ်ဆင့် မောင်မောင်လွင်က သွင်းယူခဲ့သည်။ တတိယဦးဆောင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဒေးဗစ်ထန်း၏ ဘယ်ခြမ်းမှ ချိုးပေးမှုကို ဟားမား အကောင်းဆုံးပိတ်သွင်းနိုင်ခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် ဟံသာဝတီအသင်းကို ဦးဆောင်နေခဲ့သည်။



ဒုတိယပိုင်းစပြီး ၆၀ မိနစ်တွင် ဘလာမိုနှင့် အာကာကျော်အစား ကောင်းစည်သူနှင့် သူရိန်စိုးတို့ ဝင်ရောက်ကစားခဲ့သည်။ ရန်ကုန်အသင်းအတွက် အဆုံးသတ်အနိုင်ဂိုးကို ဟိန်းဇေယျာလင်းက ပွဲချိန် ၆၀ မိနစ်တွင် ကောင်းထက်ပိုင်၏ ဂိုးရှေ့မတင်ပေးမှုကို ဟိန်းဇေယျာလင်းက သွင်းယူပေးခဲ့သည်။ လက်ကျန်မိနစ်များတွင် ဂိုးဆက်လက်သွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀ ပွဲကစား၊ ၁၆ ပွဲနိုင်၊ ၃ ပွဲသရေ၊ ၁ ပွဲရှုံး၊ ရမှတ် ၅၁ မှတ်ရရှိထားပြီး လာမည့် မတ် ၁၀ ရက်တွင် ရတနာပုံအသင်းနှင့် သီဟဒီပကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**



# ဘရူနိုဖာနန်ဒက်စ်အား လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် မန်ယူအသင်းစီစဉ်

**လန်ဒန် မတ် ၄**

ပရီးမီးယားလိဂ်ထိပ်သီး ကလပ် မန်ယူအသင်းသည် အသင်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား တစ်ပတ် လုပ်ခလစာငွေ စတာလင်ပေါင် ၄၀၀၀၀၀အထိ တိုးမြှင့်ပေး၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိ လုပ်ခလစာငွေမှာ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၀၀၀၀၀သာ ရရှိနေပြီး စာချုပ်သက်တမ်းတိုးမြှင့်ပြီးပါက တစ်ပတ် လုပ်ခလစာငွေ စတာလင်ပေါင် ၄၀၀၀၀၀အထိ ရရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ယူအသင်းက စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လာခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)